**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

**(၂၄) ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်**

**(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၁၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၄) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်က13ိယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၀၄ ဦးတက်ရောက်ပါတယ်။ အစည်း အဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါ့ မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ၁၀-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးရှိ၍ စုစုပေါင်းကိုယ်စားလှယ် ၂၇ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၈ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်စီအသီးသီးတင်ပြထားတာဖြစ်ပါတယ်။

ကိုယ်စားလှယ် ၈ ဦးမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊

(၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၊

(၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း၊

(၄) တပ်ကုန်းဆန္ဒနယ်မှ ဦးမောင်ဦး၊

(၅) အင်ပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၊

(၆) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၈) ကကမမှ ဒုတိယဗိုလ်မှူးကြီး ထင်ကျော်စိုးတို့သည် ခွင့် ၁ ရက်စီဖြင့် အသီးသီး တင်ပြထားပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်ပါမယ်။

**ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်သက်ဆိုင်သည့် အကြောင်းအရာ ၄ ခုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်၏ မေးခွန်းကတော့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် (က) မည်သည့်ဝန်ကြီးဌာန၏ လုပ်ငန်းအဖွဲ့ထံက သို့မဟုတ် ကော်မရှင်က မည်သည့်အခန်းကဏ္ဍမှပါဝင်၍ မည်ကဲ့သို့အကျိုးအမြတ် အမျိုးအစားများရရှိနိုင်ပါမည်နည်း။ (ခ) မည်သည့်နိုင်ငံသားကုမ္ပဏီက မည်သည့်အခန်းကဏ္ဍ၊ မည်သည့် အကျိုးအမြတ်အချိုးအစားရရှိ၍ ငွေကြေးပမာဏမည်မျှပါဝင်ပါသနည်း။ (ဂ) စီမံကိန်းတိုးတက်မှုအခြေအနေနဲ့ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် ကြိုတင်ကာကွယ်မှု၊ စီမံမှုအစီအစဉ်များ မည်ကဲ့သို့ စီစဉ်ထားပါသနည်း။ (ဃ) ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိမည့်အလားအလာ မည်သို့ရှိသည်ကိုသိလိုပါသည်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**သူရဦးသောင်းလွင်(ဥက္ကဋ္ဌ၊ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းများနှင့်ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတာဝန်နှင့်အတူ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုဥက္ကဋ္ဌတာဝန်ကိုပါ ထမ်းဆောင်နေတဲ့ ကျွန်တော် ဦးသောင်းလွင်က ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ဦးသိန်းညွန့် မေးခွန်းအမှတ် ၃ (က) မှာ ထိုင်းနိုင်ငံအခြေစိုက် Italian Thai ကုမ္ပဏီနဲ့ မြန်မာနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့တို့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင်

မည်သည့်ဝန်ကြီးဌာန၏ လုပ်ငန်းအဖွဲ့ထံက သို့မဟုတ် ကော်မရှင်ထံက မည်သည့်အခန်းကဏ္ဍမှ ပါဝင်သလဲ၊ မည်ကဲ့သို့ အကျိုးအမြတ်အမျိုးအစားရရှိပါသလဲ၊ ရရှိနိုင်မလဲလို့မေးမြန်းထားပါ တယ်။ ဒီစီမံကိန်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံ Italian Thai အများပိုင်ကုမ္ပဏီလီမိတက်တို့ဟာ ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်တည်ဆောက်ရေး စီမံကိန်းအတွက် မူဘောင်သဘောတူစာချုပ် (Framework Agreement) ကို လက်မှတ်ရေးထိုးခဲ့တာ မှန်ပါတယ်။ ဒီစီမံကိန်းများကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေတို့ နှင့်အညီ ကြပ်မတ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီဥပဒေတွေနဲ့အညီ ဖွဲ့စည်းထားတဲ့ မြန်မာ့အထူး စီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နဲ့ စီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်အကောင် အထည်ဖော်မှာဖြစ်ပါတယ်။ အထူးအားဖြင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ အဆင်ပြေစွာအကောင်အထည်ဖော်စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ရေနှင့် ပစ္စည်းများကို စနစ်တကျထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေးနှင့် အကောက်ခွန်၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့်ရေရရှိ ရေးစတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်လုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ဥပဒေနဲ့အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ဒေသခံများ ကျေနပ်လုံလောက်တဲ့ အခွင့်အရေးများပြည့်စုံစွာ ရရှိရေး အတွက်ဆောင်ရွက်ခြင်းတို့ကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော့်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ထားပါတယ်။ ကျွန်တော့် ကြီးကြပ်မှုအောက်မှာ လက်ရှိအားဖြင့် ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ ယာယီကို အရာရှိ ၁၇ ယောက်၊ အခြားအဆင့် ၃၃ ယောက်နှင့်ဖွဲ့စည်းပြီး လက်ရှိ ထားဝယ်အထူး စီးပွားရေးဇုန်စီမံကိန်းလုပ်ငန်းခွင်အတွင်းမှာ ရုံးထိုင်ပြီးတော့ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိ ပါတယ်။ မိမိတို့ ရရှိမဲ့အကျိုးအမြတ်အဖြစ် Land Premium ၁ စတုရန်းကီလိုမီတာလျှင် အမေရိကန် ဒေါ်လာ ၁ သိန်းခွဲနဲ့ ထားဝယ်အထူးစီးပွားရေးဇုန် မြေဧကစုစုပေါင်း ၂၀၄.၅ စတုရန်းကီလိုမီတာ အတွက် မြေအသုံးချခ Land Premium ကြေး အမေရိကန်ဒေါ်လာ ၃၀.၆၇၅ သန်းကို ရရှိမှာ ဖြစ်ပါတယ်။ နောက် နှစ်စဉ်၊ နှစ်တိုင်းမှာလည်းပါဝင်တဲ့ စီမံကိန်းလုပ်ငန်း အသီးသီးကနေပြီးတော့ အကျိုးအမြတ်ရာခိုင်နှုန်းတစ်ခုကို ခွဲဝေရရှိမှာဖြစ်ပါတယ်။ စက်မှုဇုန်တည်ထောင်မှု စီမံကိန်း၊

ကျောက်မီးသွေး သို့မဟုတ် ဓါတ်ငွေ့ဓါတ်အားပေးစက်ရုံတည်ဆောက်ခြင်း စီမံကိန်း၊ သောက်သုံးရေပေးဝေမယ့် ဂလုံးထာရေလှောင်ကန် တည်ဆောက်ရေးစီမံကိန်း၊ ဆက်သွယ်ရေးစနစ်များ တည်ထောင်ရေးစီမံကိန်း၊ ရေနံ၊ ဓါတ်ငွေ့ပိုက်လိုင်း၊ ရထားလမ်းတည်ဆောက်ရေးစီမံကိန်း စသည်တို့မှာလည်း လုပ်ငန်းစတင်လည်ပတ်ပြီးသည့်နောက် နှစ်စဉ်ရရှိမယ့် ဝင်ငွေအပေါ်မှာ နှစ်ဦးနှစ်ဖက်ကြိုတင်သဘောတူသတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအရ နှစ်စဉ်ခိုင်ကြေးကိုတွက်ချက်ပြီး နိုင်ငံတော်အစိုးရကို တင်သွင်းရမှာဖြစ်ပါတယ်။ Framework Agreement မှာလည်း ကျွန်တော်တို့ကို ခွဲဝေပေးရမယ့် အချိုးနှုန်းများကို သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ နယ်နိမိတ်ကို ၂၀၄.၅ စတုရန်းကီလိုမီတာဆိုပြီးတော့ သတ်မှတ်ထုတ်ပြန်ထားပါတယ်။ ရင်းနှီးမြှုပ်နှံသူ Italian-Thai Development Company Ltd. က လျော်ကြေးစရိတ် သူတို့ရဲ့ ကျခံမှုနဲ့အပိုင်းလိုက် ကျွန်တော်တို့ရွာအချို့ကို ရွှေ့ပြောင်းရမှာဖြစ်ပါတယ်။ စီမံခန့်ခွဲရေးကော်မတီအနေနဲ့ ရင်းနှီးတည်ဆောက်သူ ရှင်းလင်းပြီးသမျှ နယ်မြေအစိတ်အပိုင်းကိုသာ အထူးစီးပွားရေးဇုန် ဖော်ဆောင်လုပ်ကိုင်နိုင်ဖို့ မြေငှားရမ်းမှာဖြစ်ပါတယ်။ လက်ရှိမူဘောင်သဘောတူစာချုပ် (Framework Agreement) ကိုလည်း လက်ရှိအခြေအနေများနှင့်အညီ ပြန်လည်ပြောင်းလဲဖို့ သုံးသပ်လျက်ရှိပါတယ်။ ဒီလိုသုံးသပ်ပြီးတာနဲ့ ကျွန်တော်တို့ အသစ်ပြန်လည်ပြုပြင်ရေးဆွဲရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်နဲ့ပြည်သူ နစ်နာမှုမရှိစေဘဲနဲ့ အကျိုးအမြတ်ပိုမိုရရှိနိုင်ရေးအတွက် အလေးထားပြီး ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ မေးခွန်းအမှတ် ၃(ခ)မှာ မည်သည့် မြန်မာနိုင်ငံသားကုမ္ပဏီက မည်သည့်အခန်းကဏ္ဍ၊ မည်သည့်အကျိုးအမြတ်အချိုးအစားပါဝင်ပါသလဲ ငွေကြေးပမာဏမည်မျှ ပါဝင်ပါသလဲလို့ မေးမြန်းထားပါတယ်။ ထိုင်းနိုင်ငံအခြေစိုက် Italian—Thai Development Public Company Ltd ဟာ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံမှာ Dawei Development Company Ltd... ကို မှတ်ပုံတင်ဖွဲ့စည်းထူထောင်ထားပြီးတော့ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုဖြစ်တဲ့ Max Myanmar ဟာ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်းထည့်ဝင်ကာ လုပ်ငန်းများဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာဆိုလို့ရှိရင် Italian - Thai အနေနဲ့ စုစုပေါင်း ဒေါ်လာ သန်း ၉၈ သန်းခန့်အသုံးပြုပြီး ဖြစ်ပါတယ်။ အလားတူပဲ Max Myanmar အနေနဲ့ ဒေါ်လာ ၂ သန်းခန့် စိုက်ထုတ်ထည့်ဝင်ထားကြောင်းသိရှိရပါတယ်။ အခုနောက်ဆုံးအခြေအနေကတော့ Max Myanmar ဟာ ထွက်ဖို့

ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ထားဝယ်ဖွံ့ဖြိုးမှုကုမ္ပဏီရဲ့ လက်အောက်မှာ လုပ်ငန်းစီမံကိန်း အလိုက် ဆောင်ရွက်မယ့်ကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းစီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံတကာကရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိပါတယ်။ အခြေခံအဆောက်အအုံတည်ဆောက် ရေးလုပ်ငန်းတွေအတွက် စုစုပေါင်းလိုအပ်တဲ့ငွေကတော့ အမေရိကန်ဒေါ်လာသန်း ၈၆၀၀ ခန့်လိုအပ် ကြောင်းသိရပါတယ်။

ဆက်လက်၍ ဦးသိန်းညွန့်မေးခွန်းအမှတ် ၃(ဂ)တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် Italian-Thai ဖွံ့ဖြိုးမှုကုမ္ပဏီတို့ လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ယနေ့အထိ စီမံကိန်းတိုးတက်မှု အခြေအနေ မည်ကဲ့သို့ရှိပါသလဲလို့ မေးမြန်းထားပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း များကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာ ထိုင်းနိုင်ငံနဲ့ ဆက်သွယ်တဲ့ ကားလမ်းဖောက်လုပ်မှုစီမံကိန်းဟာ အကြမ်းဖျင်းလမ်းအူကြောင်းရဲ့ မြေလမ်းပြီးစီးပြီ ဖြစ်တဲ့အတွက် စတင်သုံးစွဲလျက်ရှိပါတယ်။ အပြီးသတ် လမ်းအူကြောင်းအတွက် ဒီဇိုင်းရေးဆွဲမှုပြီးစီးပြီး အသေးစိတ်တိုင်းတာမှုများကို ဆက်လက်ဆောင်ရွက်ခြင်း၊ မြေသားစမ်းသပ်တိုင်းတာခြင်းလုပ်ငန်း များကိုဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကိစ္စအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ Dawei Development Company Ltd... တို့ ကဏ္ဍဆိုင်ရာ Sectoral Agreement ချုပ်ဆိုနိုင်ရေး အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ Design ရေးဆွဲမှု ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီး Breakwater တည်ဆောက်ရန် စူးစမ်းလေ့လာမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်အထူး စီးပွားရေးဇုန်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး အတွက် 400 MW ထုတ်လုပ်နိုင်မယ့် Clean Coal Technology အသုံးပြုတဲ့ သဘာဝ ပတ်ဝန်းကျင်နဲ့ ဒေသခံများအတွက် အန္တရာယ်မရှိတဲ့ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ တည်ထောင်ဖို့စဉ်းစားလျက်ရှိပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရေလုံလောက်အောင် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကလုံးထာရေလှောင်တမံစီမံကိန်းနဲ့ပတ်သက်ပြီးတော့ ရေသန့်စင်ခြင်း၊ စုဆောင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း စသည်များအတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်နေပြီး သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ လက်မှတ်ထိုးဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဦးသိန်းညွန့်ရဲ့ မေးခွန်းအမှတ် ၃ (ဃ)မှာ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် ကြိုတင်ကာကွယ်မှု၊ စီမံမှုအစီအစဉ်များကို မည်သို့စီစဉ်ထားပါသလဲဟုမေးမြန်းထားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အလေးအနက်ထားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်းလုပ်ငန်းအသီးသီးကို အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်စံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိအောင် လိုက်နာဆောင်ရွက်ရမှာဖြစ်ပါကြောင်း ဥပဒေမှာပြဋ္ဌာန်းထားပြီး လုပ်ဆောင်မှုအသီးသီးမှာလည်း နိုင်ငံတကာသဘာဝပတ်ဝန်းကျင်စံချိန်စံညွှန်းများကို လိုက်နာစေရေးကြပ်မတ်သွားမှာဖြစ်ပါတယ်။ ထားဝယ်ဒေသစီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်းမပြုမီ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း Social Impact Assessment နောက် Environmental Management Plan ၊ Environmental Impact Assessment ၊ နောက် ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ထိပါးတဲ့ကိစ္စနဲ့ ပတ်သက်လို့ Payment for Environmental Services ဒါတွေကို ထမ်းဆောင်ဖို့ ထည့်သွင်းရေးဆွဲထားတာ ဖြစ်ပါတယ်။ နောက်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအောက်မှာ ဖွဲ့စည်းထားတဲ့ စက်မှုစီမံကိန်းများ၊ စက်ရုံကြီးများနှင့် မြို့ပြ၊ ရပ်ရွာဆိုင်ရာအထူးလုပ်ငန်းအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနများက ပြုစုထားတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း စက်ရုံအလုပ်ရုံများတည်ထောင်လုပ်ကိုင်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် လေ့လာဆန်းစစ်မှုအစီရင်ခံစာများကို ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ စိစစ်သုံးသပ်ပြီး လိုက်နာဆောင်ရွက်ဖို့ကြပ်မတ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စက်မှုဇုန်မှထွက်လာတဲ့ စွန့်ပစ်ပစ္စည်းများနဲ့ ပတ်သက်ပြီးတော့ စနစ်တကျ ဆောင်ရွက်သွားနိုင်ရေးအတွက် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ဆက်လက်ရေးဆွဲပြဋ္ဌာန်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနဲ့ Sustainable Development ဖြစ်စေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှု EIA နဲ့ လူမှုရေးအပေါ်မှာ အကျိုးသက်ရောက်မှုဆန်းစစ်တဲ့ SIA တို့ကို တတိယအဖွဲ့ (Third Party) နဲ့ စစ်တမ်းကောက်ယူစေရန်နှင့် ရရှိလာတဲ့ အစီရင်ခံစာပေါ်မူတည်ပြီး ယင်းဒေသမှာရှိတဲ့ စီမံကိန်းတစ်ခုချင်းအလိုက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအနည်းဆုံးဖြစ်စေဖို့ နိုင်ငံတကာစံချိန်စံညွှန်းအရ လက်ခံနိုင်မယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ကိုလည်း Third Party ခေါ်ပြီးတော့ ရေးဆွဲလျက်ရှိပါတယ်။ နောက် ITD ကုမ္ပဏီက လက်ရှိအခြေအနေမှာ ထိုင်းနိုင်ငံ Chula Longkorn တက္ကသိုလ်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင်သုတေသနအဖွဲ့ (Environmental Research Institute of Chula Longkorn University) ကို ငှားရမ်းပြီးတော့ မြန်မာ-ထိုင်း ဆက်သွယ်မယ့် ကားလမ်းကြောင်းတစ်လျှောက်မှာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကွင်းဆင်းလေ့လာလျက်ရှိပါတယ်။ သူ့အနေနဲ့ ပထမဆုံး Best marking ဆိုတဲ့ လက်ရှိအခြေအနေကို စတင်ပြီးတော့ သူလေ့လာလျက်ရှိပါတယ်။ နောက်ပိုင်းမှာ လက်ရှိအခြေအနေအရ သဘာဝပတ်ဝန်းကျင် ဘယ်လောက်ပျက်ယွင်းတယ်ဆိုတာကို ဆက်ပြီးတော့ လေ့လာပြီးတော့ ထိန်းချုပ်သွားမှာဖြစ်ပါတယ်။ အလားတူကလုံးထာရေလှောင်တမံတည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံမှ စူးစမ်းလေ့လာရေးအဖွဲ့လာရောက်ပြီးတော့ လေ့လာခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဦးသိန်းညွှန့်ရဲ့ နောက်ဆုံးမေးခွန်းတစ်ခုဖြစ်တဲ့ မေးခွန်းအမှတ် ၃ (င)မှာ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိမည့် အလားအလာမည်သို့ရှိသလဲလို့ မေးမြန်းထားပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း မြန်မာနိုင်ငံသားများ အလုပ်အကိုင်ရရှိရေးနဲ့ပတ်သက်ပြီးတော့ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးလုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်ကုန်ဆုံးသည့်အချိန်တွင် နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ်ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ် ကုန်ဆုံးသည့်အချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်ထားရမယ်လို့ ကျွန်တော်တို့ ပြဋ္ဌာန်းထားပါတယ်။ စီမံကိန်းလုပ်ငန်းများမှာ သီးခြား ကျွမ်းကျင်မှုမလိုအပ်တဲ့ လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေ၊ နိုင်ငံသားများကို တာဝန်ပေးဖို့လည်း ထည့်သွင်းထားပါတယ်။ ဒါ့အပြင် ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဒေသခံများအား အဓိက ဦးစားပေးပါဝင်လုပ်ဆောင်ရန် ကျွန်တော်တို့ ITD ကို ညွှန်ကြားထားပြီးတော့ ကျွန်တော်တို့လည်း အနီးကပ်ကြပ်မတ်လျက် ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့အထိ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပြည်တွင်းကုမ္ပဏီ ၆ ခုမှ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသား ၁၀၃၉ ဦး အလုပ်လုပ်ကိုင်စေလျက်ရှိပါတယ်။ လက်ရှိမှာ နိုင်ငံခြားသား ၉၅၆ ဦး၊ နိုင်ငံသား ၁၀၃၉ ဦး အလုပ်လုပ်ကိုင်လျက်ရှိတဲ့အတွက် မြန်မာနိုင်ငံသားပါဝင်မှုဟာ ၅၂ ရာခိုင်နှုန်းရှိပါကြောင်း တင်ပြအပ်ပါတယ်။ စီမံကိန်းတည်ဆောက်မှုကာလမှာ အလုပ်လုပ်ကိုင်တဲ့ ကန်ထရိုက်နှင့်ဝန်ထမ်းတွေအတွက် လက်ရှိဆိုရင် ဟင်းသီးဟင်းရွက်တွေ၊ သားငါးတွေ၊ အခြားအသုံးအဆောင်များကို ထုတ်လုပ်ရောင်းချနေရတဲ့အတွက် ကျွန်တော်တို့ ထပ်ပြီးတော့ စိုက်ခင်းတွေတိုးလာပါတယ်။ သားငါးလုပ်ငန်းတွေတိုးလာပါတယ်။ အရောင်းအဝယ်လုပ်ငန်းတွေတိုးလာပါတယ်။ ဈေးဆိုင်တွေ တိုးလာတဲ့အတွက် ကျွန်တော်တို့ နိုင်ငံသားတွေ စတင်ပြီးတော့ အခြားအလုပ်အကိုင်များကို ဒီတည်ဆောက်ရေးလုပ်ငန်းအပြင်ဘေးလမ်း၊ အခြားလုပ်ငန်း

တွေပါ တိုးတက်လာပြီဖြစ်ပါတယ်။ တည်ဆောက်ရေးကာလ အရှိန်အဟုန်မြင့်တက်လာချိန်မှာ အလုပ်သမား ၅၀၀၀၀ ခန့် ရှိမှာ ဖြစ်ပပါတယ်။ အဲဒီအချိန်မှာ အထက်ပါ ပြည်တွင်း စိုက်ပျိုး၊ မွေးမြူ ရောင်းဝယ်တဲ့ လုပ်ငန်းများပိုမိုအရှိန်မြင့်တက်လာပြီးတော့ အလုပ်အကိုင်ပိုမိုရရှိလာမှာဖြစ်ပါတယ်။ တည်ဆောက်ရေးကာလမှာ မြန်မာအလုပ်သမားများ ပိုမိုခန့်ထားနိုင်ရေးအတွက် စက်မှုလက်မှုအတတ် ပညာသင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်လေ့ကျင့် ရန်လည်း အစီအစဉ်များဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ စက်မှုဇုန်လည်ပတ်ချိန်မှာ ဟိုတယ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများ၊ အုပ်ချုပ်ထောက်ပံ့မှု Logistics လုပ်ငန်းများ၊ ပင်မလုပ်ငန်းများအတွက် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးသွင်းတဲ့ အထောက်အကူပြုလုပ်ငန်းများ စသည်များ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲလိုဆောင်ရွက်တဲ့အခါမှာ မြန်မာနိုင်ငံအတွက် အကျိုးအမြတ်အများဆုံးရရှိနိုင်ဖို့အတွက် တခြားနိုင်ငံရဲ့အတွေ့အကြုံဖြစ်တဲ့ နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်း IFC (International Finance Corporation) ကနေ ထုတ်ဝေတဲ့ Good Practices on Special Economic Zone စတဲ့စာတမ်းတွေ နောက်အခြားလေ့လာခဲ့တဲ့ အတွေ့အကြုံများအရ အထူးစီးပွားရေးဇုန်လှုပ်ရှားမှုများကို ဒေသမှာရှိတဲ့ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများနဲ့ ဆက်စပ်တည်ဆောက်ပေးမယ်ဆိုရင် SEZ ကိုလက်ခံတဲ့နိုင်ငံအတွက် ပိုမိုအကျိုးရှိ ကြောင်းသိရှိရတဲ့အတွက် ဒေသအကျိုး၊ တိုင်းပြည်အကျိုးကို ပိုမိုရရှိအောင် ကျွန်တော်တို့ဘက် ကလည်း Capacity တက်လာအောင် SEZ နဲ့အတူ ကျွန်တော်တို့ပါ တွဲပြီးတက်လာနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၁၆ နည်းဥပဒေခွဲ(က)အရ ဒုတိယဝန်ကြီးကို မေးခွန်းတစ်ခုမေးပါရစေ။ ဆက်စပ်မေးခွန်းပါ။ ဒုတိယ ဝန်ကြီးရဲ့ ခုန ဖြေကြားရှင်းလင်းချက်များဟာ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်ပတ်သက်ပြီး ပတ်ဝန်းကျင် ထိန်းသိမ်ရေး၊ လူမှုရေးအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေတဲ့သူတွေအတွက် ရှင်းရှင်း လင်းလင်း သိရတဲ့အတွက် ဒုတိယဝန်ကြီးကို အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဆက်စပ်မေးချင်တဲ့အချက်က အဲဒီ ထားဝယ်ရေနက်စီမံကိန်း နဘူးထယ်ဒေသမှာရှိနေတဲ့ မြန်မာနိုင်ငံမှာ မျိုးသုဉ်းပျောက်ကွယ်လု နီးပါးဖြစ်တဲ့ တနင်္သာရီ ကျားမျိုးစိတ်များ၊ နောက်တစ်ခါ ကမ္ဘာမှာ အင်မတန်ရှားပါးတဲ့ ကြံ့သူတော်များ၊ အဲဒီလို ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကာကွယ်ဖို့ အခြားနိုင်ငံတွေမှာတော့ စက်မှုစီးပွားရေးဇုန်တစ်ခု လုပ်တယ်ဆိုရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

အတွက် အဲဒီငွေအရင်းအနှီးက ၃၀၀ နှုန်းမှ ၅၀၀ နှုန်းအထိကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေအဖြစ်ထားရှိကြောင်း လေ့လာသိရှိရပါတယ်။ အဲ့ဒီတော့ ထားဝယ်ရေနက်ဆိပ်ကမ်းမှာလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေဘယ်လိုထားပါသလဲဆိုတာ ရှင်းလင်းပေးနိုင်မယ် ဆိုရင် ရှင်းလင်းပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဝန်ကြီးကို မေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်အနေနဲ့ ရှင်းလင်းပေး နိုင်ရင် ရှင်းလင်းပေးဖို့ဖိတ်ခေါ်ပါတယ်။

**သူရဦးသောင်းလွင် (ဥက္ကဋ္ဌ၊ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ)**။ ။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြ ပါမယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ ကျွန်တော်တို့ Best marking ဆိုတဲ့ လက်ရှိအခြေအနေကို ကျွန်တော်တို့ တိုင်းတာမှုဆောင်ရွက်ပါတယ်။ လက်ရှိအခြေအနေကို ကုန်းပေါ်မှာရော၊ ရေထဲမှာရော ကျွန်တော်တို့အသေးစိတ်လေ့လာရေးအဖွဲ့တွေနဲ့ တိုင်းတာမှတ်သားပြီးတော့ မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။ အဲလိုမှတ်တမ်းတင်ထားတဲ့အခါမှာ ရေသတ္တဝါတွေရော၊ ကုန်းသတ္တဝါတွေရော၊ နောက်သစ်တောတွေရော၊ မြစ်ချောင်းတွေရော၊ နောက်လူနေမှု ဒါတွေပါအကုန်လုံး အသေးစိတ်တင် ထားတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ Third Parties Chula Longkorn University အဖွဲ့လည်း လာပြီတော့ လေ့လာတာဖြစ်ပါတယ်။ နောက်မြန်မာနိုင်ငံကလည်း သစ်တောရေးရာဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့ သီးသန့်ဌာနရှိပါတယ်။ အဲဒီဌာနကနေပြီးတော့လည်း ကျွန်တော်တို့ လေ့လာထားပါတယ်။ လေ့လာထားပြီးဆိုတော့ ကျွန်တော်တို့ ထားဝယ်ရေနက်ဆိပ်ကမ်း မှာလည်း အနီးကပ်ကြီးကြပ်နေတဲ့အဖွဲ့မှာ ကျွန်တော်တို့ သစ်တောရေးရာဝန်ကြီးဌာနကလည်း ကိုယ်စားလှယ်အပါအဝင် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်ပြီတော့ ကျွန်တော်တို့ Italian-Thai Company ကို သီးခြား ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအတွက် သီးခြားရန်ပုံငွေတစ်ခုထားဖို့ နောက် ကျွန်တော်တို့ နိုင်ငံတော်ကိုလည်း Payment for Environmental Service (PESL) ကျွန်တော်တို့ သတ်မှတ်ပြီးတော့ ရန်ပုံငွေထည့်ဝင်ဖို့ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ (PESL) တော့ ကျွန်တော်တို့ Environmental Services တွေ ဆောင်ရွက်ခဲ့ရရင် အဲဒီအတွက် သူက ငွေကြေးထုတ်ပေးရမှာဖြစ်ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့ ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ရှင်းလင်းဖြေကြားချက်မှာ Max Myanmar Company စီမံကိန်းမှ ထွက်ခွာသွားကြောင်း။ ထိုသို့ဆိုလျှင် နိုင်ငံနှင့်နိုင်ငံသား အကျိုးစီးပွားထိခိုက်မှု ရှိ၊ မရှိ။ ဒုတိယအချက်အနေနဲ့ ယင်း Max Myanmar Company အစား မြန်မာနိုင်ငံသား မြန်မာကုမ္ပဏီများမှ အစားထိုးဝင်ရောက်ရန် ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိကို လွှတ်တော်ဥက္ကဋ္ဌကလည်း သိချင်တဲ့အတွက် လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအား မေးမြန်းပါတယ်။

**သူရဦးသောင်းလွင် (ဥက္ကဋ္ဌ၊ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မေးမြန်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ဒီဟာက Max Myanmar အနေနဲ့ လက်ရှိအနေနဲ့ သူထွက်သွားပြီ ဆိုသော်လည်း သူရဲ့ အရင်ထည့်ဝင်ထားတဲ့ငွေကို ဆက်လက်ပြီးတော့ နုတ်မသွားသေးပါဘူး။ အဲလို နုတ်သွားတဲ့အခါမှာ ပြည်တွင်းက ကုမ္ပဏီတွေကို ကျွန်တော်တို့ ထပ်ထည့်ဖို့လည်း စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ အဲလို ဆောင်ရွက်နေတဲ့အခြေအနေမှာပဲ ကျွန်တော်တို့ ဒီဟာသည် ထားဝယ်ဒေသက တနင်္သာရီတိုင်းဒေသကြီးအစိုးရကနေပြီးတော့ သူတို့လည်း ဒေသခံများအတွက် စက်မှုဇုန်ထူထောင်ချင်တယ်လို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထိုင်းနိုင်ငံကို ရောက်တဲ့အချိန်မှာ ကျွန်တော်တို့ နဂိုက Italian-Thai ကိုပေးထားတဲ့ ၂၀၄.၅ စတုရန်း ကီလိုမီတာထဲက ဒီဟာသည် သူ့အနေနဲ့ ငွေရေး၊ ကြေးရေး၊ အခက်အခဲဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့က ဒီဟာထဲကနေ ၅၀ ပြန်လိုချင်တယ်လို့ ညှိနှိုင်းတဲ့အခါမှာ သူတို့က ပြန်ပေးပါတယ်။ ပြန်ပေးတဲ့အတွက်ကြောင့် လက်ရှိ ကျွန်တော်တို့ ဒါကို ဒီနေ့ Italian-Thai Company ကို ကျွန်တော်တို့ ဖိတ်ထားပါတယ်။ ဖိတ်ထားပြီးတော့ ဒီကိစ္စကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ အလားတူပဲ ဒီ Framework Agreement ကို ကျွန်တော်တို့ ပြန်ပြင်ပြီးတော့ ကျွန်တော်တို့နိုင်ငံက ပိုအကျိုးရှိအောင်ဆိုပြီးတော့ ပြန်ပြင်ဆွေးနွေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါကြောင့် လတ်တလောအားဖြင့်တော့ ဒေသကုမ္ပဏီများကို ထပ်မံဖိတ်ခေါ်ပါဝင်စေဖို့ ကိစ္စကိုဆိုင်းငံ့ထားပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ ဒီနေ့ Framework Agreement ကို ပြန်လည်ချုပ်ဆိုရေးကိစ္စကို Italian-Thai က သဘောတူတယ်ဆိုရင် အဲဒီအချိန်မှာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီ ထားဝယ်ဆိပ်ကမ်းရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံနှင့်နိုင်ငံတော်အတွက် အင်မတန်မှအရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခု ဒုတိယဝန်ကြီးရဲ့ ပြန်လည်ရှင်းလင်းချက်ပေါ်

မူတည်၍ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုကော်မတီကမှတ်သားပြီး လိုအပ်သည့် ကိစ္စများဆက်လက်၍ သက်ဆိုင်ရာကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်မှတစ်ဆင့် ကော်မတီအား တာဝန်ပေးအပ်ပါတယ်။ (ဩဘာသံများ)

**မြန်မာအမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကိုလက်မှတ်ရေးထိုးပြီးဖြစ်သဖြင့် လူမှုကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး အား ကျန်းမာ၊ ချမ်းသာပါစေကြောင်းဆုမွန်ကောင်းတောင်းရင် ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေဖြစ်ပါတယ်ရှင်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကျွန်မအနေနဲ့ အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းများကို မေးသွားမှာဖြစ်ပါတယ်ရှင်။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW) ကိုလက်မှတ်ရေးထိုးပြီး အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းသိရှိရပါတယ်ရှင်။ အမျိုးသမီးများအတွက် ရပိုင်ခွင့်များအကာအကွယ် ပေးရေးနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး UN အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကျွန်မတို့မြန်မာနိုင်ငံဟာ Women Friendly Space များ ထူထောင် ခြင်းနှင့်အတူ Counseling Centre များကိုဖွင့်လှစ်ပြီး အမျိုးသမီးများရဲ့ဘဝကိုမြှင့်တင်ပေး လျက်ရှိတာကိုအကြမ်းဖျင်းအားဖြင့် ကျွန်မသိရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွင်းမှာမှီတင်းနေ ထိုင်ကြတဲ့ ကျွန်မတို့မြန်မာအမျိုးသမီး သန်း ၃၀ ခန့်သိရှိနိုင်ရေးအတွက်ရပိုင်ခွင့်များ၊ အကာအကွယ် ပေးရေးများနှင့် အဆင့်မြှင့်တင်ခြင်းဆိုင်ရာအမျိုးသမီးများအတွက်လူမှု ကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်ပြီးမည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးစီးကြောင်းသိရှိလိုပါတယ်ရှင်။ ဆက်လက်ပြီး တော့လည်း ယခုဒီစနစ်မှာ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေကြောင်းကိုလည်း သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်လဲ့လဲ့ဝင်းဆွေမေးမြန်းသည့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအတွက်ရပိုင်ခွင့်များအကာအကွယ်ပေးရေး၊ အဆင့်မြှင့်တင်ရေးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုသိရှိလိုကြောင်း မေးမြန်းချက်အားပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်းကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် မိခင်နှင့်ကလေးများကို ကာကွယ်စောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးများစီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် စီးပွားရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်စေရေးအတွက် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်နှင့် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ၄ ကြိမ်ဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူကုန်ကူးခြင်းမှကာကွယ်ပေးနိုင်ရန် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး လူကုန်ကူးခံရသူများ အားပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသားအဆင့်

လုပ်ငန်းလမ်းညွှန်ကို ရေးဆွဲပြီးဖြစ်သဖြင့် ပုံနှိပ်ဖြန့်ဝေနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော လူကုန်ကူးခံရသူများအား ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူမှုအသိုင်းအဝန်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လူကုန်ကူးခြင်းခံရသူများအတွက် ယာယီစောင့်ရှောက်ရေးဂေဟာကို မူဆယ်မြို့တွင်ဖွင့်လှစ်ထားပြီး ကော့သောင်းမြို့နှင့် မြဝတီမြို့တို့တွင် ထပ်မံဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူကုန်ကူးခြင်းခံရမှုမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြည်သူလူထုအတွင်း သက်မွေးမှုအတတ်ပညာများ တတ်မြောက်စေရန်ရည်ရွယ်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၇ ကျောင်းကို ဖွင့်လှစ်ထားပြီး အိမ်တွင်းမှုသက်မွေးပညာရပ်များကိုသင်ကြားပေးခြင်း၊ ရပ်ရွာအတွင်း သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ခိုကိုးရာမဲ့အမျိုးသမီးများနှင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော အမျိုးသမီးများအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဌာန ၂ ခု၊ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန ၂ ခုနှင့် အကျင့်စာရိတ္တပြုပြင်ပေးရန်လိုအပ်သော အသက် ၁၈ နှစ်အောက်အမျိုးသမီးငယ်များကို စောင့်ရှောက်ရန်အတွက် အမျိုးသမီးသက်မွေးအတတ်ပညာသင်တန်းကျောင်း ၄ ကျောင်းကိုဖွင့်လှစ်၍ ကျောင်းပညာရေးသင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း၊ အလုပ်နေရာချထားပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (၅) ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံမှချမှတ်ခဲ့သော အဓိကလုပ်ငန်းဧရိယာ ၁၂ ခုအနက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးများဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်အတန်းနေရာတွင်ပါဝင်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များကိုရေးဆွဲလျက်ရှိပါတယ်။ ဒါ့အပြင် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှုနှင့် အကြမ်းဖက်မှုဆိုင်ရာအသိပညာပေးမှုများ၊ အမျိုးသမီးများ၏အခြေအနေ၊ အဆင့်အတန်းဆိုင်ရာစစ်တမ်းကောက်ယူမှုလုပ်ငန်းများ၊ လူကုန်ကူးခံရသူများအားပြန်လည်လက်ခံရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးနှင့် မိသားစုဝင်ဆံ့ပေါင်းစည်းရေး၊ အမျိုးသမီးဦးစီးသည့် မိသားစုများ၏ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ရန်ရှိသည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့် (ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံအောင်မြင်စေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ဖြစ်ပါတယ်။ လူမှုဖွံ့ဖြိုးတက်ရေးကော်မတီ၏ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့် ကျွန်မ၏မေးခွန်းကို ဖတ်ကြားမေးမြန်းခွင့်ပြုပါ။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုသမဂ္ဂသဘောတူ စာချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာပါတယ်။ ဒါကြောင့် ကလေးသူငယ်အခွင့်အရေးတစ်ရပ်ဖြစ်သည့် ကလေးသူငယ်ဖွံ့ဖြိုးမှု ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို စွမ်းအားမြှင့်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အချက်သုံးချက်ကိုအခြေခံ၍ ကျွန်မ၏မေးခွန်းကို မေးမြန်းပါ့မယ်ရှင်။

(၁) လူမှုဝန်ထမ်းဦးစီးဌာနသည် ကလေးပြုစုစောင့်ရှောက်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနေသော်လည်း ဌာနအကျိုးပြု မူလတန်းကြိုနှင့် နေ့ကလေးထိန်းကျောင်းအချို့သည် ကလေးသူငယ်များကို မိဘများက လာရောက်အပ်နှံရန် ယုံကြည်စိတ်ချရလောက်အောင် အားထုတ်ဆောင်ရွက်ခြင်းမရှိသဖြင့် ဒီနေရာမှာ ကျွန်မဥပမာလေးတစ်ခု ပြောချင်ပါတယ်။ သားလေးတစ်ယောက်ကို အမေတစ်ယောက်ကလာပြီတော့အပ်ပါတယ်။ သားထားပြီးတော့ အမေကပြန်သွားတဲ့အခါမှာကလေးတို့ထုံးစံငိုပါတယ်။ ကလေးကငို၊ ဆရာကချော့ ကလေးကငို၊ ဆရာကချော့နဲ့ နောက်ဆုံးဆရာမက မင်းမတိတ်ဘူးလား။ မတိတ်လို့ရှိရင် အနားမှာရှိတဲ့ သစ်သားသေတ္တာကို ပြပြီးတော့ သေတ္တာထဲကို မင်းကိုထည့်ထားမယ်လို့ ဒီလိုခြောက်ပါတယ်။ ခြောက်တော့ ဒါဟာကလေးနဲ့ ဆရာမရဲ့ အားစမ်းပွဲဖြစ်သွားပါပြီ။ အဲ့တော့ ကလေးကလည်း မတိတ်ပါဘူး။ အဲတော့ ဆရာမက တကယ်ပဲ ဒီကလေးကိုမပြီးတော့ သေတ္တာထဲကို ထည့်လိုက်ပါတယ်။ ဒါပေမယ့် သေတ္တာအဖုံးမပိတ်မီမှာပဲ ကလေးရဲ့ငိုသံဟာ တိကနဲပြတ်သွားပါတယ်။ တစ်နေ့လုံးလည်းကောင်းကောင်းနေပါတယ်။ ဒါပေမယ့် နောက်တစ်နေ့ကစပြီးတော့ သူကဒီကျောင်းကို ပို့လို့မရတော့ပါဘူး။ ထိတ်လန့်မှုမပြေနိုင်အောင်

အဲဒီလိုခြောက်လှန့်တဲ့ သတင်းမျိုးလေးတွေ တခြားကလေးတွေကို သိမ်သိမ်မွေ့မွေ့ နွေးနွေးထွေးထွေး မစောင့်ရှောက်တဲ့ ထိန်းကျောင်းတဲ့အကြောင်းတွေကို မိဘတွေက တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားတဲ့အခါကျတော့ ဒီကလေးထိန်းဌာနကို ဘယ်မိဘကမှလာပြီးတော့ ကလေးမအပ်တော့ပါဘူး။ အဲတော့ ကလေးတစ်ယောက်မှ မရှိတော့တဲ့ အဲဒီကျောင်းမှာ ကလေးထိန်းကျောင်း တာဝန်ယူထားတဲ့သူက ဒီအဆောက်အအုံကို ကိုယ်ပိုင်အိုးအိမ်သဖွယ် အသုံးပြုနေခြင်းမျိုးများ။

(၂) ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကိုဆိုလိုခြင်းဖြစ်ရာ ထိုကလေးသူငယ် လူမမယ်ကလေးများအပေါ် စာနာဂရုဏာမထားအားနဲ့ဝန်မမျှအောင်ခိုင်းစေခြင်း၊ လိင်အလွဲသုံးစားပြုကျင့်ခြင်း စသည်တို့ကဲ့သို့ လူ့ကျင့်ဝတ် ပျက်ပြားလာမှုများ။

(၃) ကလေးများ၏ မွေးရာပါ ဉာဏ်ရည်ဉာဏ်သွေးဟာ ဘာပယောဂမှ မကပ်ညိ၊ ဘာအရောင်မှ မစွန်းထင်းရင် မည့်ဖျင်းပါ။ မြင်လည်းမြင်တတ်ပါတယ်။ ကြားလည်း ကြားတတ်ပါတယ်။ အတုလည်းယူတတ်ကြပါတယ်။ ဒီနေရာမှာ ကျွန်မအဖြစ်ကလေးတစ်ခု ပြောချင်ပါတယ်။ ကျွန်မတို့အိမ်နဲ့ မနီးမဝေးမှာ အလယ်တန်းကျောင်း တစ်ကျောင်းရှိပါတယ်။ ဒီအလယ်တန်းကျောင်းမှာ ထမင်းစားချိန်မျိုး၊ ကျောင်းဆင်းချိန်မျိုး၊ ညနေကျောင်းဆင်းချိန်မျိုးမှာ မူလတန်းကျောင်း၊ မူလတန်းကလေးတွေကို ၁၅ မိနစ်စောပြီးတော့ ဆင်းပေးလေ့ရှိပါတယ်။ တစ်နေ့ကျွန်မ ကျွန်မရဲ့ရှေ့က မြက်ပင်တွေကို လမ်းဘက်ကျောပေးပြီးတော့ မြက်ထိုင်နုတ်နေတော့ ကျောင်းဆင်းလာပါတယ်။ သူငယ်တန်းကလေးတွေ ကလေးတို့သဘာဝဆူညံပြီး ဆော့ကစားပြီးပြန်လာကြတယ်။ အဲဒီအထဲမှာ မိန်းကလေးသုံး၊လေးယောက်ကို ယောကျ်ားလေးသုံး၊လေးယောက်က စလာပုံရပါတယ်။ မိန်းကလေးတွေက ကတ်ကတ်လန်အောင် မင်းတို့ကို တိုင်ပစ်မယ်၊ တိုင်မယ်နဲ့ အဲဒီလိုပြောတယ် ပြောတော့ ယောကျ်ားလေးတန်မဲ့ ဘာပြောလဲဆိုတော့ ဘာလဲတဲ့ အမျိုးသမီးရေးရာကိုလားလို့မေးပါတယ်။ အဲဒါ ကျွန်မလည်းလှည့်ကြည့်လိုက်တော့ လူလေးက ၁ တောင့်၊ ၁ မိုက်လောက်ပဲ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါမူလတန်း၊ သူငယ်တန်းကလေး ရှိလှမှသူက ပထမတန်းပါ။ ဒါပေမယ့် သူက အမျိုးသမီးရေးရာလို့ သုံးလိုက်တော့ ကျွန်မတော်တော်အံ့သြသွားတယ်။ နောက် အဲလိုပဲ ကလေးတွေလာကြတယ် နောက်တစ်သုတ်ကျတော့ တစ်မျိုးပါ၊ ယောကျ်ားလေးတွေက စလာတယ် သူတို့ကို နင်တို့က ဆရာမနားကပ်ပြီးတော့ ညာနေတာပဲ ဘာညာနဲ့စတော့ ဒီကလေးမလေးတွေက ဘာပြန်ပြောလဲဆိုတော့ ငါတို့က ဆရာမခိုင်းတာကို လုပ်ပေးနေတဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင်တွေလို့ ပြောပါတယ်။ လူနဲ့

စကားလုံးနဲ့ဆို စကားလုံးကတောင်ကြီးနေပါဦးမယ်။ ဒါဟာကလေးတွေဟာ ခေတ်ကလေးတွေဟာ မြင်လည်း မြင်လာတတ်ပါတယ်။ ကြားလည်းကြားတတ်ပါတယ်။ အတုခိုးပြီးတော့လည်း သူတို့ ယူတတ်ပါတယ်ဆိုတာလေးကို ကျွန်မပြောတာပါ။ အဲဒီလို ဉာဏ်သွက်၊ နှုတ်သွက်တဲ့ ကလေးများကြားမှာ ကလေးတို့ဘာဝအချင်းချင်း အိမ်သာကို အပြင်က ဂျက်ထိုးပိတ်ထားတာမျိုး၊ ကြီးသူက သူ့ထက်ငယ်သူကို ပါးရိုက်၊ ကုတ်ဖဲ့၊ အနိုင်ကျင့်တာမျိုးတွေဖြစ်လာတဲ့အခါမှာ အတန်းပိုင်ဆရာမက လွန်ကျူးတဲ့ကလေးရဲ့ မိဘများပေးတဲ့လာဘ်လာဘကို ထောက်ထားပြီး တပည့်ခြင်းအတူတူ ခံရသူကလေးကိုသာ ဖိနှိပ်၊ မညီမမျှဘက်လိုက်လို့ ကျောင်းပြောင်းနိုင်တဲ့ကလေးက ကျောင်းပြောင်းသွား၊ မပြောင်းနိုင်တဲ့ကလေးက ကျောင်းထွက်နဲ့ ဖြစ်ကြရပါတယ်။

(၃) အချက်ဟာ ကျောင်းနေအခြေခံ ပညာရေးကိစ္စဖြစ်သော်လည်း ကလေးသူငယ် ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေးမှာ ဒီမူလတန်းကျောင်းသား ကျောင်းသူကလေးများလည်း အကျုံးဝင်နေပါတယ်။ ဒါ့ကြောင့် ဒီလိုအကာအကွယ်မဲ့ ကြုံတွေ့နေရရှာသော မူလတန်းကလေးသူငယ်များ ထိုအချက်များနှင့် ပတ်သက်၍ ဘက်ပေါင်းစုံ၌ ကလေးသူငယ်ဆိုင်ရာဖွံ့ဖြိုးမှု၊ ကာကွယ်စောင့်ရှောက်မှုများကို မည်သို့ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သို့သော မူဝါဒများ၊ ဥပဒေများရေးဆွဲထားရှိကြောင်း၊ မည်သို့ထပ်မံဆောင်ရွက်ရန်ရှိကြောင်းများကို သိလိုပါသည်ရှင့်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်၏ မြန်မာနိုင်ငံသည် ကလေးသူငယ်များအခွင့်အရေးတစ်ရပ်ဖြစ်သည့် ကလေးသူငယ် ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စွမ်းအားမြှင့်ဆောင်ရွက်လျက်ရှိရာမှာ မည်သို့သော ဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူဝါဒများ၊ ဥပဒေများရေးဆွဲထားရှိသည်၊ မည်သို့ထပ်မံဆောင်ရွက်ရန်ရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကလေးသူငယ်အခွင့်အရေးများ

ဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် (Convention on the Right of the Child- CRC) တွင် ၁၆-၇-၁၉၉၁ ရက်နေ့၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါပြဋ္ဌာန်းချက်များကို တာဝန်ယူဗဟိုချက် (Focal Point) ဌာနအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ CRC ပါပြဋ္ဌာန်းချက်များနှင့်အညီ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် CRC ကော်မတီများ အသီးသီးဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ၁၉၉၃ ခုနှစ်တွင် ကလေးသူငယ်ဥပဒေကိုလည်းကောင်း၊ ၂၀၀၁ ခုနှစ်တွင် ကလေးသူငယ်နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းကလေးသူငယ်ဥပဒေများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်ရေးဆွဲလျက်ရှိပါတယ်။ CRC ပါအခွင့်အရေး ၄ ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ ပါဝင်စောင့်ရှောက်ခွင့်များအနက် ကလေးသူငယ်ဖွံ့ဖြိုးမှုပြုစုပျိုးထောင်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် ၂၀၀၆-၂၀၁၅ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးကို ဌာနအခြေပြုလုပ်ငန်းများအဖြစ် မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးဌာနများဖွင့်လှစ်ခြင်းနှင့်ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့မှုများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်များနှင့် လူတိုင်းအတွက် ပညာရေးရည်မှန်းချက်ပန်းတိုင်အရ ၂၀၁၅ ခုနှစ်တွင် မူကြိုပညာသင်ကြားခွင့်ရရှိသည့် ကလေးသူငယ်အရေအတွက်သည် ၂၅ ရာခိုင်နှုန်းပြည့်မီရေးအတွက် ဌာနအခြေပြုလုပ်ငန်းသာမက ရပ်ရွာအခြေပြုလုပ်ငန်းများကို ၂၀၀၇ ခုနှစ်မှစတင်၍တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ ရပ်ရွာအတွင်းရှိ အသက် ၃ နှစ်အောက် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့်ပူးပေါင်း၍ ရပ်ရွာရှိ မိခင်များအား ကလေးပြုစုပျိုးထောင်ခြင်းဆိုင်ရာ အသိပညာပေးခြင်းတို့ကို စတင်ဆောင်ရွက်ပြီး ရပ်ရွာအတွင်းတွင်လည်း မိခင်ဝိုင်း ၁၉၀ ဝိုင်းကို တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ မြို့နယ် ၁၉ မြို့နယ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ရပ်ရွာအခြေပြုစနစ်ဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စေတနာ့ဝန်ထမ်း မူကြိုကျောင်းများတည်ထောင်ခြင်း၊ ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိဘနှင့် ရပ်ရွာလူထုသို့ အသိပညာပေးခြင်း၊ ကလေးပြုစုစောင့်ရှောက်သူများအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

များနှင့် သင်တန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် မူကြိုကျောင်းများတွင် ကလေးများအား မှန်ကန်သောနည်းစနစ်ဖြင့် ပြုစုပျိုးထောင်နိုင်ရေးအတွက် ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ရေးဆွဲလျက်ရှိပါတယ်။ ထို့အပြင် ရှေးဦးကလေးဘဝအရွယ် အသက် ၈ နှစ်အောက် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရ၊ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးများ၏ မိခင်များနှင့် ဆက်စပ်နေသည့် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ကဏ္ဍပေါင်းစုံပါဝင်သော ရှေးဦးဘဝကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒကို သက်ဆိုင်ဆက်စပ်သည့်ဌာနများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် ပူးပေါင်း၍ ၂၀၁၂ခုနှစ်၊ ဇွန်လမှစတင်၍ ရေးဆွဲလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ နိုင်ငံရပ်ခြားတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers)အတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန် အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၁၈) ရက်မြောက်နေ့မှာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတင်သွင်းထားတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) များအတွက် ဘဝအာမခံချက်လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်နိုင်ပါရန်အဆိုနှင့်စပ်လျဉ်းပြီး ယနေ့မှာတော့ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းအား ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးတင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့မှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ တခြားနိုင်ငံများမှာ ဘဝအာမခံချက်မရှိဘဲ ပြဿနာများနှင့်ရင်ဆိုင်နေရတာနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့တစ်တွေ အရင်းခံအကြောင်းတရားတွေကို စိစစ်တဲ့နေရာမှာ မိမိတို့နိုင်ငံကို အနောက်အင်အားကြီးနိုင်ငံတစ်စုကနေပြီးတော့ ဦးဆောင်ပြီး စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်အရေးယူမှုက အဓိကအကြောင်းအရင်းတစ်ခုဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။ အနောက်အင်အားကြီးနိုင်ငံတစ်ခုအနေနဲ့ မိမိတို့နိုင်ငံအပေါ်မှာ နိုင်ငံရေးအကြောင်း အရင်းခံများနှင့် ချမှတ်ခဲ့တဲ့ပိတ်ဆို့မှုများဟာ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးစေပြီး လူ့အဖွဲ့အစည်းရဲ့ အဆင်းရဲဆုံးအလွှာမှာ အလုပ်လက်မဲ့များ တိုးပွားလာအောင် တွန်းအားပေးရာရောက်ခဲ့ပါတယ်။ ဤစီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကြောင့် မိမိတို့နိုင်ငံဟာ အထီးကျန်တာဖြစ်ပြီး ချစ်ကြည်ရင်းနှီးတဲ့ နိုင်ငံတကာဆက်ဆံရေးပါပျက်ယွင်းတဲ့ ဘေးထွက်ဆိုးကျိုးတွေ ဆက်တိုက်ဆိုသလိုကြုံတွေ့ခံစားရပါတယ်။ ဒီလို အထီးကျန်ဖြစ်ခဲ့မှုနဲ့အတူ ပိတ်ဆို့အရေးယူမှုများနှင့်ရင်ဆိုင်ခဲ့ရတဲ့ မိမိတို့နိုင်ငံဟာ ဆင်းရဲတဲ့နိုင်ငံတစ်ခုလည်း ဖြစ်ခဲ့ရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရှားပါးခဲ့ရပါတယ်။ အဲဒီရဲ့ အကျိုးဆက်တွေကတော့ အချို့သော နိုင်ငံသားတွေဟာ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် ပြည်ပထွက်ရွှေ့ပြောင်းအလုပ်သမားဘဝကို ခံယူခဲ့ကြရပါတယ်။ ပိတ်ဆို့ရေးသက်တမ်းပိုရှည်လာတာနဲ့အမျှ ရွှေ့ပြောင်းလုပ်သားအရေအတွက်တွေကလည်း ပိုမိုများလာနိုင်ဦးမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများအနက် တရားဝင်သွားရောက်လုပ်ကိုင်သူများရှိသလို အချို့ဟာလည်း ပြည်ပသို့ တရားမဝင်ထွက်ခွာပြီး တရားမဝင်ရွှေ့ပြောင်းလုပ်သားအဖြစ် လုပ်ကိုင်နေကြတာကိုတွေ့ရပါတယ်။ တရားဝင်သွားရောက်လုပ်ကိုင်သူများထဲမှာလည်း အဆင်မပြေသူ အလုပ်သမားများစွာရှိပါတယ်။ ပွဲစားကုမ္ပဏီများရဲ့ အပြောနှင့်အလုပ်မညီညွတ်မှုကြောင့် ပြည်ပအလုပ်ရှင်ရဲ့ ဖိနှိပ်မှု၊ အနိုင်ကျင့်မှု၊ လစာမမှန်မှုတို့ကြောင့် ဒဏ်မခံနိုင်ကြတော့ပဲ အခြားအလုပ်ကို ပြောင်းရွှေ့လုပ်ကိုင်ကြရသူများလည်းရှိပါတယ်။ ထိုအခါမှာ အလုပ်ရှင်က နိုင်ငံကူးလက်မှတ်ကိုသိမ်းထားတဲ့အတွက် အလုပ်ပြောင်းတာနဲ့ အဲဒီအလုပ်သမားဟာ တရားမဝင်အလုပ်သမားဘဝကို ရောက်ကြရပါတယ်။ ဒါကြောင့် ပြည်ပကိုသွားရောက်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ဘဝဟာ အချိန်မရွေး လူဝင်မှုဥပဒေအရ

အရေးယူခံရနိုင်တဲ့အခြေအနေမှာရှိခြင်း၊ တန်ရာတန်ကြေးလုပ်ခမရဘဲ လုပ်ခအနှိမ်ခံရခြင်း၊ တစ်ခါတစ်ရံ လစာမပေးဘဲအနိုင်ကျင့်ခံရခြင်း၊ အလုပ်အကိုင်နေရာ ဒေသမတည်မြဲဘဲ မကြာခဏပြောင်းရွှေ့နေထိုင်လုပ်ကိုင်ရခြင်း၊ ကျန်းမာရေး၊ လူမှုရေးတို့နှင့်ပတ်သက်ပြီး အာမခံချက်မရှိခြင်း၊ လူ့အခွင့်အရေးများဆုံးရှုံးခြင်း စတဲ့အခက်အခဲတွေ ကြုံတွေ့ရပါတယ်။ တရားမဝင်ဥပဒေအရ အဖမ်းခံကြရတဲ့သူတွေမှာ အခြားနိုင်ငံတွေရဲ့ လူဝင်မှုကြီးကြပ်ရေးအကျဉ်းစခန်းတွေမှာ ထိန်းသိမ်းခံထားရပြီး ပြန်လွှတ်တဲ့အခါမှာလည်း နယ်စပ်ဒေသများကို၊ တိရစ္ဆာန်များကို လွှတ်ပေးသကဲ့သို့ လွှတ်ပေးလေ့ရှိတာကို ကြားသိရပါတယ်။ အဲဒီလို လွှတ်ပေးလိုက်သူတွေထဲကလည်း တချို့ပွဲစားတွေက ငါးဖမ်းစက်လှေများကို ရောင်းစားခံရပြီး ပင်လယ်ပြင်မှာ လူမသိသူမသိဘဝနဲ့ ဇာတ်သိမ်းသွားရသူတွေလည်း ရှိနေကြောင်းကြားသိနေရပါတယ်။ မိမိတို့ရဲ့ အိမ်နီးနားချင်း ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းလုပ်သား ၂.၅ သန်းနဲ့ မလေးရှားနိုင်ငံမှာ ရွှေ့ပြောင်းလုပ်သား ၅ သိန်းခန့်ရှိပြီး ထိုရွှေ့ပြောင်းလုပ်သားတွေအတွက် အလုပ်ခွင်တည်မြဲရေး၊ ရသင့်ရထိုက်တဲ့ လုပ်ခလစာရရှိရေး၊ ဘေးကင်းလုံခြုံရေး၊ အလုပ်ခွင်နှင့်အလုပ်ခွင်ပြင်ပမှာ ဘေးအန္တရာယ်ကင်း အေးချမ်းလုံခြုံစွာနေထိုင်ခွင့်ရရေး၊ ကျန်းမာစောင့်ရှောက်မှုဆိုတဲ့အခြေခံအချက်တွေကို လိုအပ်နေတယ်ဆိုတာ ခိုင်လုံတဲ့သတင်းအချက်အလက်များနှင့် အထောက်အထားများအရ သိနိုင်ကြမှာပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ကတော့ ပြည်ပကိုထွက်ခွာပြီး စီးပွားရေးအရင်းအမြစ်တွေ ရှာဖွေလုပ်ကိုင်ရာမှာ အန္တရာယ်အာမခံကြေးဥပဒေ၊ ငွေကြေးတည်ငြိမ်မှု၊ နိုင်ငံရေးတည်ငြိမ်မှု၊ လူမှုရေးအာမခံချက်များဖြင့် ဥပဒေများပြဋ္ဌာန်းပြီး မိမိနိုင်ငံသားများအတွက် အကာအကွယ်ပေးမှုများနှင့် Migration Policy များချမှတ်ဆောင်ရွက်နေမှုများကိုလည်း မိမိတို့အနေနဲ့ လေ့လာသင့်ပါတယ်။ ဒီနေ့ မိမိတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာမှာ ပြည်သူတွေရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ထင်သာမြင်သာ ပွင့်လင်းမှုရှိတဲ့ လွှတ်တော်နိုင်ငံရေးပေါ်ပေါက်လာပြီး နိုင်ငံသာများရဲ့အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိတာကို အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီ ပိုမိုပီပြင်လာတာနဲ့အမျှ မိမိတို့နိုင်ငံအနေနဲ့ ဒေသအတွင်းမှာ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများနဲ့ ရင်ပေါင်တန်းလာနိုင်တော့မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ အစိုးရသစ်တာဝန်ယူပြီးတဲ့နောက် ရွှေ့ပြောင်းလုပ်သားတွေနဲ့ပတ်သက်ပြီး ယာယီနိုင်ငံကူးလက်မှတ်တွေထုတ်ပေးနိုင်အောင် ဆောင်ရွက်မှုတွေ၊ တရားဝင်အလုပ်သမားမှတ်ပုံတင်များ ထုတ်ပေးနိုင်အောင်ဆောင်ရွက်မှုတွေ၊ အလုပ်သမားအရေးဆောင်ရွက်ပေးနေတဲ့ အစုအဖွဲ့တွေကို ထိတွေ့ဆက်ဆံမှုတွေ

တချို့ကဏ္ဍတွေမှာ အဲဒီအစုအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို စတင်ဆောင်ရွက်လာတာကို တွေ့ရှိရတဲ့အတွက် လူသားချင်းစာနာထောက်ထားစိတ် အခြေခံပြီး လုပ်သင့်လုပ်ထိုက်တာကို ဆောင်ရွက်ပေးတဲ့ အစိုးရအဖွဲ့ရဲ့ ရွှေ့ပြောင်းလုပ်သားများအတွက် ဤဆောင်ရွက်မှုများကို ကြိုဆို ထောက်ခံပါကြောင်း တင်ပြလိုပါတယ်။ ဒီဆောင်ရွက်ချက်တွေကြောင့် ရွှေ့ပြောင်းလုပ်သားများအတွက် ယခင်ကထက်စာရင် ဘဝအာမခံချက်နှင့် လုံခြုံမှုတွေ အထိုက်အလျောက်ရရှိလာမှာ မလွဲဧကန်ဖြစ် ပါတယ်။ ဒါပေမယ့် ပြီးပြည့်စုံတဲ့ ဖြစ်သင့်ဖြစ်ထိုက်သော တာဝန်ခံဆောင်ရွက်မှုများဖြစ်ဖို့အတွက် နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ အဆင့်ဆင့်တို့အနေနဲ့ ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်တဲ့ အနေအထားရောက်အောင် တိုးမြှင့်ဆောင်ရွက်ရေးမှာ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ မူဝါဒ တစ်ရပ်ကို မိမိတို့နိုင်ငံမှာ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်နေပါတယ်။ ဒီလိုရွှေ့ပြောင်းလုပ်သား များဆိုင်ရာ မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်နိုင်မှသာ ရွှေ့ပြောင်းလုပ်သားတွေရဲ့ ဘဝလုံခြုံရေး အာမခံချက်ကို ခိုင်မာစွာတည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးအဆိုပြုတင်သွင်းတဲ့ နိုင်ငံရပ်ခြားသွား ရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘဝ အာမခံချက်နှင့် လုံခြုံမှုရရှိရေးအတွက် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာမူဝါဒ ချမှတ်ဆောင်ရွက်နိုင် ရန်အဆိုကို လေးနက်စွာထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေး ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကောင်းကျိုးလိုရာ ဆန္ဒများနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အရင် ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကလည်း ပြည့်ပြည့်စုံစုံနှင့် စိတ်ဝင်တစား အကြံပြုဆွေးနွေးသွားကြတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်တင်ပြသွားပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ နိုင်ငံရပ်ခြားကိုသွားပြီး အလုပ်လုပ်ကိုင်နေရတဲ့ အခြေခံအကြောင်းအရင်းတွေ အများကြီးရှိပါတယ်။ အဲဒီအကြောင်းအရင်းတွေထဲမှာ အဓိက အကျဆုံးကတော့ မြန်မာနိုင်ငံအပေါ် ကာလရှည်ကြာ

အရေးယူပိတ်ဆို့ထားမှုများပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းပြည်ပရှိ အလုပ်သမားများအရေး ကိစ္စကိုဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများကို အမြန်ဆုံးရုပ်သိမ်း ပေးနိုင်ရေးကိုလည်း အထူးကိစ္စတစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဦးစွာပထမတင်ပြ လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့နှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့တို့မှာ ပြည်တွင်းပြည်ပမှာ အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ အကျိုးစီးပွား၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးစတာတွေနှင့်ပတ်သက်ပြီး နိုင်ငံတော် အစိုးရနှင့် ဝန်ကြီးဌာနက ကူညီဖြေရှင်းဆောင်ရွက်ပေးနေတာတွေကို အကျယ်တဝင့် ရှင်းလင်းပြော ကြားခဲ့တာကို ကြားသိခဲ့ရပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ အတွင်း ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့တဲ့ခရီးစဉ်နှင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ ချစ်ကြည်ရေးခရီးစဉ်တို့မှာ ထိုင်းနိုင်ငံ ရောက် မြန်မာအလုပ်သမားများအတွက် အလေးထား ဆွေးနွေးခဲ့တာကို သိရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ စက်ရုံမှူးတာဝန် ၉ နှစ်ကျော်ထမ်းဆောင်ခဲ့ဖူးပါတယ်။ တာဝန်အရ ပြည်နယ်၊ တိုင်းဒေသကြီးအတော်များများကိုလည်းရောက်ခဲ့ဖူးပါတယ်။ ပြည်တွင်းမှအလုပ်သမားများ အခြေ အနေ၊ နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်နေကြတဲ့ အလုပ်သမားမိသားစုများရဲ့အကြောင်း တစ်စေ့ တစ်စောင်းသိခွင့်ရခဲ့ပါတယ်။ အလုပ်သမားများရဲ့ဘဝဟာ မပြည့်စုံမှုတွေနှင့် ခက်ခဲကြမ်းတမ်းလှပါ တယ်။ ဘဝနှင့်ဆန္ဒကလည်းခြားနားလွန်းလှပါတယ်။ အကြပ်အတည်းများကြားက အကြောင်း အမျိုးမျိုးနှင့် နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်နေကြရတာများပါတယ်။ အလုပ်သမားများရဲ့ အဆင်မပြေမှုတွေ၊ သောကအပူတွေ၊ လူမှုဒုက္ခတွေနှင့် ဘဝအမောတွေကို စိတ်မချမ်းမြေ့စွာ ကြားသိရ ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း ပြည်တွင်းပြည်ပရှိ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ အရေးကိစ္စတွေကို ဂရုတစိုက်ဖြေရှင်းပေးနေပါတယ်။ သို့သော် လိုအပ်ချက်တွေတော့ ရှိနေဆဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်အနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား

ရွှေ့ပြောင်းအလုပ်သမားများအတွက် ဘ၀အာမခံချက် လုံခြုံမှုရရှိရေးအတွက် မေတ္တာရှေ့ထား အဆိုပြုတင်ပြသွားတာကို တွေ့ရပါတယ်။ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း အဆိုရှင်ရဲ့ အဆိုပြုချက်များသည် ပိုမိုပြည့်စုံကောင်းမွန်တဲ့အတွက် အဆိုအားလက်ခံကြောင်း ပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒီနေရာမှာ အဆိုရှင်နှင့်ဝန်ကြီးတို့ နှစ်ဦးစလုံးဟာ အလုပ်သမားများအတွက် ကောင်းအောင်၊ ပို၍ကောင်းအောင်၊ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ကြတယ်ဆိုတဲ့ စိတ်ကောင်းစေတနာမှန်တွေ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ လုပ်ငန်းများဆောင်ရွက်ရာမှာ စိတ်ဓာတ်နှင့် ခံယူချက်ကောင်းမွန်မှန်ကန်ဖို့ အရေးကြီးပါတယ်။ စိတ်ရဲ့လှုံ့ဆော်မှုကြောင့် ပြောဆိုမှု လုပ်ကိုင်မှုတွေ ဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် မနောကံမှတစ်ဆင့် ဝစီကံနှင့် ကာယကံ တို့ကို ဖြစ်စေပါတယ်။ စိတ်ကောင်းလို့ စေတနာမှန်ရင် အပြုသဘောဆောင် အကောင်းတွေဖြစ်ပြီး အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ မူလစိတ်ကိုက မကောင်းရင်တော့ မကောင်းတာပြောလို့ မမှန်တာလုပ်ပြီး အဆင်မပြေမှုတွေ ကြုံတွေ့နိုင်ပါတယ်။ ဒါကြောင့် စေတနာကောင်းရင် ကံကောင်းမယ်၊ စေတနာမကောင်းရင် ကံမကောင်းနိုင်ဘူးလို့ ဆိုကြပါတယ်။ တူသောအကျိုးကို ခံစားရရှိကြရမှာ ဖြစ်ပါတယ်။ အဆိုနှင့်ပတ်သက်ပြီး လေ့လာကြည့်မယ်ဆိုရင် အဆိုရှင်ရဲ့အဆိုပြုချက်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံပြုဆွေးနွေးချက် တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်ရဲ့ဆောင်ရွက်ချက်နှင့် နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေဟာ အလုပ်သမားများအတွက် စိတ်ကောင်းစေတနာများကြီးမားလှတဲ့ မေတ္တာ တရားများဖြစ်ကြောင်း ဝမ်းမြောက်စွာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံမှာ ကြုံတွေ့နေသကဲ့သို့ ရွှေ့ပြောင်းလုပ်သားများ စိန်ခေါ်မှုနှင့်ပတ်သက်လို့ ကမ္ဘာတစ်ဝန်း ရှိနိုင်ငံများမှာလည်း ကြုံတွေ့နေရပါတယ်။ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ စိန်ခေါ်မှုများမှာ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းမှုများလိုအပ်ပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံဒေသ မဲခေါင်ဒေသအတွင်းနိုင်ငံများမှာ ရွှေ့ပြောင်းလုပ်သားများကိစ္စတွေကို အလေးထားဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ်မှာ အာဆီယံစီးပွားရေး အသိုက်အမြုံ အတွင်းသို့ ဝင်ရောက်ရန် စီစဉ်နေချိန်မှာ အာဆီယံအတွင်း ရွှေ့ပြောင်းလုပ်သားများကိစ္စကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရမယ့်အချိန်အတွင်း အာဆီယံရဲ့ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ လုပ်ဆောင်ချက်များ ဦးစားပေးသတ်မှတ်ရာတွင် ဒေသဆိုင်ရာကိစ္စတစ်ခုအနေနဲ့ ဆောင်ရွက်

သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ Migration Policy ချမှတ်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ (၁) ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ လုံခြုံမှု နှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံမှု (၂) ရွှေ့ပြောင်းအလုပ်သမားများ၏ ခံစားခွင့်များ အပြည့်အဝ ရရှိရေး (၃) ရွှေ့ပြောင်းအလုပ်သမားများအတွက် ကောင်စစ်ဆိုင်ရာ ခံစားခွင့်များဖြင့် ကာကွယ်စောင့်ရှောက် ပေးရေး (၄) ရွှေ့ပြောင်းအလုပ်သမားများရဲ့ လုပ်ခလစာများ လွယ်ကူချောမွေ့စွာ မိသားစုထံ ပြန်လည် ပေးပို့နိုင်ရေး (၅) နိုင်ငံရပ်ခြားအတွေ့အကြုံရှိပြီးဖြစ်တဲ့ ကျွမ်းကျင်အလုပ်သမားများကို နိုင်ငံတော် ဖွံ့ဖြိုးရေးကဏ္ဍ၌ အသုံးပြုနိုင်ရေး၊ (၆) ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ ကိစ္စရပ်များအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များရဲ့ အကြံပြုဆွေးနွေးချက်များ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအရ Migration Policy ကို မဖြစ်မနေ အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ဟသ်ာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့ အဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြရင်း ဆွေးနွေးခြင်းကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အစည်းအဝေးကို ၁၁း၄၅ အချိန်မှာ ပြန်လည်ကျင်းပပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၁ း ၄၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းအားဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်ရဲ့ ရွှေ့ပြောင်းလုပ်သားများဘဝလုံခြုံမှုရှိစေရေး အတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးပါရန်အဆိုကို ဆွေးနွေးရန်ကိုယ်စားလှယ်များစွာ စာရင်းပေးထားသော်လည်းပဲ ကျွန်တော်တို့အားလုံးကို ပါဝင်ဆွေးနွေးခွင့်ပြုတဲ့အတွက်ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းလုပ်သားတွေရဲ့ဘဝအာမခံချက်နှင့်ပတ်သက်လျှင် မူဝါဒချမှတ်လုပ်ဆောင်ဖို့ ဦးဌေးဦးရဲ့ တိုက်တွန်းချက်ဟာ လွန်စွာမှလျော်ကန်သင့်မြတ်ကြောင်း ထောက်ခံ ဆွေးနွေးလိုပါတယ်။ ကျွန်တော်က လွန်ခဲ့တဲ့အနှစ် ၂၀ အတွင်းမှာ ရွှေ့ပြောင်းလုပ်သား တွေပျံ့နှံ့တည်ရှိနေတဲ့ နယ်စပ်ဒေသတွေကိုရော၊ ဝေးလံဒေသတွေကိုပါ လှည့်လည်သွားရောက်ခဲ့၊ အတူတကွနေထိုင်ခဲ့ဖူးတဲ့အတွက် သီအိုရီအပိုင်းနဲ့ လက်တွေ့ဘဝတွေအကြောင်း တိုရှင်းလိုရင်း တင်ပြဆွေးနွေးလိုပါတယ်။ လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းမှာ နယ်စပ်စခန်းတွေက တစ်ဆင့် ပတ်စပို့စ်တွေထုတ်ပေးနိုင်ခဲ့တာကို မျက်မြင်ကိုယ်တွေ့မို့ မုဒိတာပွားရပါတယ်။ ဒီအရင်က ဘာကြောင့် မလုပ်ပေးနိုင်တာပါလိမ့်လို့ ဆန်းစစ်ကြည့်တဲ့အခါ အစိုးရတစ်ရပ်အနေနဲ့တော့ မိမိတိုင်းသူပြည်သား အပေါ်မှာ စေတနာရှိစမြဲဖြစ်နိုင်ပေမယ့် ကဏ္ဍအစုံအတွက် မူဝါဒအသီးသီးအရန်သင့်ရှိမနေ တာကြောင့် အကောင်အထည်ဖော်ရမယ့် အောက်ခြေဌာနများမှာ ဘာမှတိတိကျကျ လုပ်မပေးနိုင် တာကိုပြန်လှန်တွေ့ရှိပါတယ်။ ဒါကြောင့် ဒီနေ့ စေတနာထား လုပ်ပေးနေတဲ့ နယ်စပ်ဒေသများ ကထွက်မယ့်အလုပ်သမားများကို ပတ်စပို့စ်များအလျင်အမြန် ထုတ်ပေးရေးလုပ်ငန်းဟာ မူဝါဒ တစ်ရပ်ရဲ့ အစိတ်အပိုင်းအဖြစ်အသွင်ပြောင်းလိုက်ရင် နောက်လာလတ္တံ့သော ရွှေ့ပြောင်းလုပ်ကိုင် လိုသော မိမိနိုင်ငံသားများဟာ ရွှေ့ပြောင်းလုပ်ကိုင်ပြီးသား မိမိနိုင်ငံသားများဟာ ဂုဏ်သိက္ခာလည်းရှိ တစ်ဖက်နိုင်ငံကအလုပ်ရှင်တွေကလည်း မနှိမ့်ချမစော်ကားရဲတဲ့လုံခြုံမှုဘဝကို အစဉ်အမြဲရောက် ကြရတော့မှာဖြစ်ပါတယ်။ တချို့ကလည်း မိမိမြန်မာသံရုံးတွေရဲ့ အားနည်းချက်ကိုပဲ အပြစ်ဖို့ တတ်ကြပါတယ်။ မမှားမဟုတ်ပါဘူး။ မှားခဲ့ဖူးကြပါတယ်။ သံရုံးတွေကို တာဝန်ယူထားရတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်တိုင်ခံစားခဲ့ရတဲ့ အတွေ့အကြုံတစ်ခု တင်ပြလိုပါတယ်။ ကပ္ပလီ ပင်လယ်ပြင်မှာမုန်တိုင်းမိသွားတဲ့ မြန်မာရေလုပ်သားတစ်စုဟာ အင်ဒိုနီးရှားကျွန်းစုအထိ ရောက်သွား ပါတယ်။ ဘာအထောက်အထားမှ ကိုယ်ပေါ်မှာမရှိတော့ပါဘူး။ သံရုံးရဲ့စုံစမ်းလေ့လာချက်အရ ရေမျောလာတဲ့သူတွေထံမှာ ဘာစာရွက်မှ မရှိနိုင်တော့ပေမယ့် မြန်မာလို လည်လည်ပတ်ပတ်

ပြောနိုင်တာရယ်၊ မူရင်းနေရပ်လိပ်စာတွေ စိစစ်လို့မှန်ကန်တာရယ်ကြောင့် အဲ့ဒီကျွန်းစုဖြတ်သန်းသွားတဲ့ မြန်မာနိုင်ငံပိုင်ကြယ်ငါးပွင့်သင်္ဘောက ပြန်လည်တင်ဆောင်လာခဲ့ပါတယ်။ အဲ့ဒီအခါမှာ ပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးဌာနကို အထက်က အမေးခံခဲ့ရတဲ့မေးခွန်း တစ်ခုရှိခဲ့ပါတယ်။ အဲ့ဒါမေးခွန်းကတော့ ဘယ်သူ့အမိန့်ရလို့ အဲ့ဒီရေမျောလုပ်သားတွေကို တင်ဆောင်ခဲ့တာလဲဖြစ်ပါတယ်။ နိုင်ငံခြားရေးဌာနကတာဝန်ရှိသူတွေကြားမှာ မခံထိမခံသာစကားရပ် တစ်ခုဖြစ်ခဲ့တာကတော့ ရေမျောလုပ်သားတွေဟာ ကိုယ့်နိုင်ငံသားမှန်းလည်း သေချာနေပြီ။ ကိုယ့်နိုင်ငံကဆင်းရဲလို့ လေယာဉ်ပျံနှင့်လည်း ပြန်မခေါ်နိုင်ဘူး။ ကိုယ့်နိုင်ငံပိုင် သင်္ဘောကလည်း ရောက်လာတယ်။ ဘယ်သူ့အမိန့်ကိုစောင့်နေရမှာလဲ။ ဒီလိုဖြစ်စဉ်မျိုးဟာ ခုနက ဦးဌေးဦး အဆိုမှာပါတဲ့မူဝါဒတွေ ကျကျနနမရှိလို့ ညွှန်ကြားမထားလို့ အောက်ခြေဌာနမှာ အခက်အခဲပေါ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတိုင်းသာဆက်သွားရင်နောင်ကိုဒီလိုကြိုးပမ်းလုပ်ဆောင်ပေးဖို့ မဝံ့မရဲဖြစ်ကြရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတစ်ခုသောကာလမှာ ကျွန်တော်ဟာ အိမ်နီးချင်းနိုင်ငံတစ်ခုမှ နောက်ထပ်နိုင်ငံတစ်ခုကို ဆက်သွားဖို့ လေကြောင်းကောင်တာမှာ Check In လုပ်ပါတယ်။ လေကြောင်းလိုင်းက ဥရောပဘက်ကဖြစ်ပြီးတော့ လေကြောင်းဝန်ထမ်းက အရှေ့တိုင်းဌာနေအမျိုးသမီးဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးက တာဝန်ရှိသူမဟုတ်ပါဘူး။ သူကကျွန်တော့်ကို အပြန်လက်မှတ် Return Ticket ပါလားလို့မေးပါတယ်။ ကျွန်တော့်ထံမှာပါပေမယ့်လည်း သူ့ကိုမပြပါ။ ကျွန်တော်ပြန်ပြီး ဘုတောပါတယ်။ ဘာ့ကြောင့်ဘုတောသလဲဆိုတော့ (၁) သူကလဝက အရာရှိမဟုတ်ပါ။ (၂) သူ့နိုင်ငံအဝင် မဟုတ်ဘဲအထွက်ဖြစ်လို့ ပူချင်းပူရင်နောက်ထပ်ဝင်သွားမယ့် တတိယနိုင်ငံကပူရမှာဖြစ်ပါတယ်။ဒါကြောင့်မို့လို့ဒါမင်းအလုပ်လားလို့ ပြတ်ပြတ်သားသားပြောတော့မှငြိမ်သွားပါတယ်။ ဒါကဘာကိုအရင်းခံလဲဆိုတော့ လေဆိပ်တစ်ခုမှာ ပြဿနာရှိလာရင် မိမိနေရပ်ကို ပြန်ပို့ကြတဲ့အခါ မြန်မာပိုင်လေကြောင်းတစ်ခုခုကို တာဝန်ပေးနိုင်တဲ့မူဝါဒ တစ်နည်းအားဖြင့် အခွင့်အာဏာမရှိထားတဲ့အတွက် သက်ဆိုင်ရာလေကြောင်းကသာ အခမဲ့ပြန်တင်ပေးရတဲ့အခါသူတို့ စီးပွားရေးအရထိခိုက်နစ်နာနိုင်ပါတယ်။ ဒါကိုကြိုတင်ကာကွယ်တဲ့အနေနဲ့လည်း ဒီလိုမျိုးလုပ်တာ ဖြစ်ပါတယ်။ ကြိုတင်ကာရင်းကာရင်းကနေပြီးတော့မှ ကျွန်တော်တို့လူမျိုးတွေကို နှိမ်ချင်သလို နှိမ့်ချဆက်ဆံသလို ရတဲ့အနေအထားကိုရောက်သွားပါတယ်။ ခုနက လည်လည်ပတ်ပတ်ပြန်ပြောတတ်သူမျိုးဖြစ်ရင်တော့ မထောင်းသာပေမယ့် အလုပ်သမားတွေလိုမပြောတတ်၊ မဆိုတတ်ဖြစ်ရင်တော့ ခရီးစဉ်တွေဖျက်သိမ်း ငွေထပ်ကုန်အလုပ်မခန့်ခင်ကပြုတ် အကြွေးတွေတင်စသဖြင့် မတွေးရဲစရာ တစ်သီကြီးဖြစ်ပါတယ်။ ဖြစ်လည်း

ဖြစ်ခဲ့ဖူးခဲ့ကြပါတယ်။ ဒါကြောင့်မို့လို့လည်း ပတ်စပို့စ်ရှိစေဦးတော့ လေကြောင်း၊ ရေကြောင်းက မသွားဘဲ ကုန်းကြောင်းကဖြစ်သလိုသွားကြတဲ့အခါ လူကုန်ကူးမှုနဲ့ မိကြတာဖြစ်ပါတယ်။ ဒါရဲ့အရင်းခံ တစ်ခုကလည်းရွှေ့ပြောင်းလုပ်သားဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍမှာ မူဝါဒမရှိလို့ဆိုတာ ပေါ်လွင်လာ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေ့ပြောင်းလုပ်သားဆိုတာ ရေကြည်ရာမြက်နုရာ ဒီလိုပဲသွားနေကြမှာပဲလို့ ဆိုကြပါတယ်။ တကယ်တမ်းအဖြစ်မှန်ကတော့ ရေကြည်နိုးနိုး၊ မြက်နုနိုးနိုးနဲ့သာမျက်ကန်းတစ္ဆေမ ကြောက်သွားကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လူကုန်ကူးမှုမှန်တိုင်းနဲ့မိကြတာဖြစ်ပါတယ်။ အဲ့ဒီ လူကုန်ကူးခံရခြင်းမှ ပြန်လည်လွတ်မြောက်လာသူတွေ သို့မဟုတ် ရောက်တဲ့နိုင်ငံမှာ အလုပ်သမား အတူတူချင်းကြားထဲမှာ လုပ်ခလစာ ထိုက်ထိုက်တန်တန်ရသူတွေ အဲ့ဒီသူတွေအားလုံးကိုဆန်းစစ် ကြည့်တဲ့အခါ အများစုဟာဒေသန္တရဆိုင်ရာဘာသာစကား သို့မဟုတ် ကမ္ဘာသုံးဘာသာစကားတစ်ခုခု ကိုကောင်းကောင်းပြောနိုင်ကြတာတွေ့ရပါတယ်။ တချို့ဆိုရင် ဥပဒေကြောင်းအရပါ ဒေသခံရဲတပ်ဖွဲ့ တွေကို ဘယ်လိုတိုင်ရတန်းရမယ်ဆိုတာပါ နားလည်ကြတယ်လို့တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နောင်အနာဂတ်ရွှေ့ပြောင်းလုပ်သားများ နယ်စပ်မှာ ပတ်စပို့စ်လျှောက်ပြီဆိုရင် စာချုပ်စာတမ်း သဘောတရားတွေ နားလည်နိုင်ဖို့၊ ဥပဒေကြောင်းအရ နေတတ်ထိုင်တတ်သွားလာတတ်အောင် သင်ပေးဖို့၊ တယ်လီဖုန်းတွေမှတ်သားဆက်သွယ်တတ်ဖို့၊ သက်ဆိုင်ရာဘာသာစကားတတ်၊ မတတ် စိစစ်ပေးဖို့၊ ဖြစ်နိုင်ရင် တစ်ဆင့်တက်ပြီးတော့ သင်တန်းတွေဖွင့်ပေးတဲ့ အထိပါလုပ်နိုင်ရပါမယ်။ ဒါတွေကိုအကောင် အထည်ဖေါ်နိုင်ဖို့ဘက်ဂျက်လည်းလိုပါတယ်။ ဘက်ဂျက်သုံးနိုင်ဖို့ မူဝါဒလည်းရှိမှ ဖြစ်ပါမယ်။ မူဝါဒရှိမှ အောက်ခြေဌာနအဖွဲ့အစည်းတွေက အကောင်အထည်ဖော်လို့လွယ်ကူပါမယ်။ ဒါဟာကိုယ့်နိုင်ငံသားတွေကိုတိုက်ရိုက်စောင့်ရှောက်ခြင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဦးဌေးဦးရဲ့ အဆိုဟာ အရေးတကြီး စေတနာအပြည့် တင်သွင်းခဲ့တယ်လို့ ကျွန်တော်တို့ ယုံကြည်မိပါတယ်။ ကျွန်တော်က အထက်ကလို အနာဂတ်ပြောင်းရွှေ့လုပ်သားတွေ အကြောင်းကိုပြောတော့ လက်ရှိ အခြားနိုင်ငံရောက်နှင့်နေတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကိစ္စ လက်ငင်းကိုလည်း ပစ်ထားလို့ မဖြစ်ပါဘူး။ သူတို့ကိုလည်း အခုမီတဲ့နေရာ၊ မီတဲ့အချိန်ကစပြီးတော့ သွားရောက်တွေ့ဆုံဖြေရှင်း၊ သင်ကြားစသည်ဖြင့်လုပ်ရပါမယ်။ ဒီအပိုင်းမှာလည်း မူဝါဒက ပိုအရေးကြီးလာပါတယ်။ Guide Line တိတိကျကျမရှိလျှင် အဲ့ဒီနိုင်ငံမှာ အခြေစိုက်သည့်သံရုံးရော၊ သွားရောက်ကူညီလုပ်ကိုင်မယ့်ဌာန၊ အဖွဲ့အစည်းတွေကော ဒီကိစ္စကို ဒီလိုကူညီဖြေရှင်းပေးတာက မှန်သလား၊ မှားသလား ဇဝေဇဝါ

ဖြစ်ပြီးတော့ ခုနက ကြယ်ငါးပွင့်နှင့် ရေမျောလုပ်သားတွေပြန်ခေါ်လာသလို ခဏခဏ ပြန်ဖြစ်တတ်ပါတယ်။ ဒီလိုစိုးရိမ်နေရလို့၊ သက်ဆိုင်ရာဌာနတွေက မလှုပ်ရှားရဲတော့ဘူး၊ မလုပ်ဝံ့တော့ဘူးဆိုရင် နစ်နာဆဲ၊ နစ်နာမြဲဖြစ်နေဦးမှာက မိမိနိုင်ငံသားများသာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်နိုင်ငံသားတွေအတွက် လွတ်လပ်ကျယ်ပြန့်စွာသွားရောက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ဖို့ မူဝါဒတွေချမှတ်ထားရှိရပါမယ်။ အဆိုရှင်ရဲ့တိုက်တွန်းချက်ဟာ လိုအပ်နေဆဲ အရာမှန်း ဒီနေရာမှာလည်း သိသာပါတယ်။ ဒီနေရာမှာ ပြည်ပအလုပ်သမားတွေ ကိစ္စခဏဆိုင်းပါဦး၊ ထားပါဦး။ ပြည်တွင်းက အလုပ်သမားကိစ္စကိုလည်း နိုင်အောင်အရင်ရှင်းကြပါဦးဆိုပြီးတော့ ကတ်ကတ်သတ်သတ် စောဒကတက်တဲ့အသံတွေလည်းကြားရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရတစ်ရပ်မှာ အခြေခံသဘောကိုက လိုအပ်သလို ဖြန့်ခွဲလုပ်ဆောင်နိုင်ဖို့ ခြေတံလက်တံတွေအများကြီးရှိပါတယ်။ ပြည်ပရောက် ကိုယ့်နိုင်ငံသားတွေ ဒုက္ခရောက်နေမှန်း သိရက်ကြီးနဲ့ ဒုက္ခဆက်ခံပါဦး၊ ခဏနေပါဦးလို့ ပစ်ထားလိုက်ရမလား။ သွားရောက်ညှိနှိုင်းမယ့် ကူညီမယ့်သံရုံးတွေ၊ အဖွဲ့အစည်းတွေကို စွမ်းအားမြှင့်လုပ်နိုင်အောင် မူဝါဒတွေမချမှတ်ပေးသင့်ဘူးလား။ အဖြေကတော့ တစ်ခုတည်းပါပဲ။ ပြည်တွင်းကအလုပ်သမားလည်း အဆင်ပြေအောင် လုပ်ပေးရပါမယ်။ တစ်ပြိုင်တည်းမှာ ပြည်ပရောက်အလုပ်သမားလည်း အဆင်ပြေအောင်လုပ်ပေးရပါမယ်။ ပြန်လာချင်သူတွေလည်း စိတ်ချမ်းသာစေချင်သလို ထပ်သွားမယ့်သူတွေကိုလည်း ခေါင်းမော့ရင်ကော့ သွားနိုင်အောင် လုပ်ပေးနိုင်ရပါမယ်။ ဒီနေရာမှာ သံရုံးဆိုလို့ သံရုံးကိုပဲ အပြစ်တင်နေရုံနဲ့ ခရီးမရောက်နိုင်ပါ။ ကျွန်တော့်အမြင်ကတော့ ပတ်သက်သမျှ ဌာနအဖွဲ့အစည်းတွေရဲ့ ခံယူချက်၊ ကျင့်ဝတ်လိုက်နာစောင့်ထိန်းမှုတွေကို ပြောင်းလဲပေးရမှာအဓိက ဖြစ်ပါတယ်။ ညင်သာပျော့ပျောင်းစွာ ပြောင်းလို့ရချင်ရ မရရင် ဒရွတ်တိုက်ချင်လည်းတိုက်ပါစေ။ မူဝါဒနောက်ကို လိုက်ပါနိုင်မှုဆေးခါးကြီးတော့ တိုက်ရမှာဖြစ်ပါတယ်။ ကိုယ်တွေ့နမူနာလေးတစ်ခုကို တင်ပြခွင့်ပြုပါ ခင်ဗျား။ ၂၀၀၈ ခုနှစ်တုန်းက ဗြိတိသျှနေသဟာရဝင် နိုင်ငံတစ်ခုမှာ အားကစားပြိုင်ပွဲတစ်ခုကို ကျွန်တော် တစ်ယောက်တည်းသွားဖူးပါတယ်။ ကမ္ဘာ့တောင်သမုဒ္ဒရာခြမ်းကမ်းခြေမှာ ရှိပါတယ်။ ဒီကနေ မိုင် ၅၀၀၀ ကျော်ဝေးပါတယ်။ လေယာဉ် သုံးဆင့်စီးရပါတယ်။ အဲဒီပြိုင်ပွဲဦးစီးသူ သောသမက် ပရက်ဆီးဒင့်နဲ့ သူနဲ့ကျွန်တော် နေ့တိုင်း E-mail ရပါတယ်။ သူကကျွန်တော်ကို မလာသေးဘူးလား၊ မလာသေးဘူးလားချည်းမေးပါတယ်။ အဲဒီတော့ ကျွန်တော်က လေယာဉ်လက်မှတ်ရှိကြောင်း အင်တာနက်ကနေ သက်သေပြပါတယ်။ အဲဒီတော့ ရန်ကုန်မှာအခြေစိုက်တဲ့ Councilor ရုံးကသာ ကျွန်တော်ကို ရစ်နေပါတယ်လို့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပြောတဲ့အခါမှာ နောက်တစ်နေ့ကျတော့

ကျွန်တော်ကို ချက်ချင်းခေါ်ပြီး ဗီဇာထုတ်ပေးလိုက်ပါတယ်။ ဟိုရောက်သွားတော့ သောသမက် ပရက်ဆီးဒင့်န် ကပြောပါတယ်။ မင်းဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီလားဆိုတော့ ကျွန်တော်သူ့ကို မေးပါတယ်။ ဘယ်လိုလုပ်လိုက်တာလဲ။ ကျွန်တော်မလာတော့ဘူးထင်တာဆိုတော့ ကြားနေကြ သူတို့ရဲ့စကားလုံးကို ကျွန်တော် ကြားရပါတယ်။ မင်းတို့ရန်ကုန်မှာ တို့နိုင်ငံကိုယ်စားသွားနေတဲ့ Councilor ဆိုတာ တို့ရဲ့အခွန်ထမ်းပြည်သူ့ငွေကို လစာစားနေသူပါ။ သူတို့မြို့မှာ လုပ်တဲ့အားကစား ကွင်းမှာ အားလုံး ဥရောပသားတွေ ချည်းပဲဖြစ်ပါတယ်။ အာရှကဆိုလို့ ကျွန်တော်တစ်ယောက်ပဲ ပါပါတယ်။ ဒါကြောင့်မို့လို့ လေယာဉ်ပေါ်ကို ရောက်သင့်တဲ့အချိန်ကျော်နေပါပြီ။ ဒါကြောင့်မို့လို့ လွှတ်မလား၊ မလွှတ်ဘူးလား ပြတ်ပြတ်ပြောပါ ဆိုပြီးတော့ သူတို့ Councilor ကို သောသမက် ပရက်ဆီးဒင့်န် ကပြောတဲ့အခါမှာ အဲဒီလောက်နဲ့ပဲ ကျွန်တော် ဗီဇာရခဲ့တာဖြစ်ပါတယ်။ အားကျစရာ ကြီးပါ။ ကျွန်တော်တို့များ ကျွန်တော်တို့ရဲ့ဌာနတွေကို သာမာန် ပြည်သူတစ်ယောက်အနေနဲ့ ဘယ်တော့ များမှ အဲဒီလိုပြောနိုင်မလဲ။ ပြောအားရှိမလဲ။ ဝေးပါသေးတယ်လို့ ပြောချင်ပြောလို့ ရနိုင်ပေမယ့်လို့ ဒီနေ့ကစပြီး ကျွန်တော်တို့လုပ်ရမှာဖြစ်ပါတယ်။ လူကို မူနဲ့ မောင်းရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်ရဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများ ဘဝအာမခံချက်လုံခြုံရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပါရန်အဆိုမှာ ဆောလျင်စွာ အလေးအနက်ထား ဆောင်ရွက်သင့်သောအဆိုဖြစ် ပါကြောင်း ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးဌေးဦး၊ ဟသ်ာတမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက သင့်တော်သလို ဦးစားပေးအနေနဲ့ ဆွေးနွေးတင်ပြဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဆွေးနွေးတင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးက ၃၀-၃-၂၀၁၁ ရက်နေ့ကကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်မှာပြောကြားခဲ့တဲ့မိန့်ခွန်းမှာ ပြည်တွင်းမှာရှိတဲ့ အလုပ်သမားများရဲ့အရေးသာမက ပြည်ပမှာလုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးရမယ်လို့ပါရှိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ပသို့သွားရောက်အလုပ်လုပ်မယ့် အလုပ်သမားများအခွင့်အရေး အပြည့်အဝရရှိရေး၊ အကာအကွယ်ပေးနိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး အထောက်အကူပြုမယ့်လုပ်ငန်းကော်မတီ ၃ ရပ်ကိုလည်း ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ဒီလုပ်ငန်းကော်မတီတွေကတော့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားများအကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပတွင် အလုပ်လုပ်ကိုင်မည့် ကြီးကြပ်ရေးကော်မတီအနေနဲ့ ပြည်ပအလုပ်အကိုင်ဆိုင်ရာ မူဝါဒ (Oversea and Apotiment Policy) ကို အောက်ပါအတိုင်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (၁) ပြည်ပသို့ အလုပ်အကိုင်ရှာဖွေရန် တရားဝင်လမ်းကြောင်းများဖွင့်ပေးပြီး သွားလာရန်လွယ်ကူစေခြင်း၊ (၂) ရွှေ့ပြောင်း အလုပ်သမားများ၏ အခြေခံအခွင့်အရေးများရရှိစေခြင်း၊ (၃) ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ (၄) ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေခြင်း၊ (၅) ဒေသအတွင်း ရွှေ့ပြောင်း သွားလာခြင်းမှ အတွေ့အကြုံကျွမ်းကျင်မှုနှင့်အသိပညာရရှိစေခြင်းနှင့် ပြန်လည်မျှဝေပေးစေခြင်း၊ (၆) ရွှေ့ပြောင်းသွားလာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ၏ ပေါင်းစည်းမှုတစ်စိတ်တစ်ဒေသဖြစ်စေခြင်း၊ အဆိုပါမူဝါဒများနှင့်အညီ မြန်မာနိုင်ငံမှဆောင်ရွက်ထားရှိမှုတွင် ပြည်ပသို့ အလုပ်အကိုင်ရှာဖွေရန် ကိုရီးယား၊ မလေးရှား၊ စင်္ကာပူနှင့် အခြားနိုင်ငံများသို့ လေကြောင်းမှတစ်ဆင့် အလုပ်သမားများစေလွှတ်လျက်ရှိပါတယ်။ လေကြောင်းမှ စေလွှတ်ခြင်းဟာ ပုံမှန်လမ်းကြောင်းဖြစ်ပြီး နိုင်ငံတကာမှ လက်ခံကျင့်သုံးနေတဲ့ပုံစံဖြစ်ပါတယ်။ အလုပ်သမားသစ်များအား ထိုင်းနိုင်ငံသို့ နယ်စပ်စခန်းများမှ စေလွှတ်ခြင်းအပြင် တရားဝင်လေကြောင်းမှတစ်ဆင့် စေလွှတ်နိုင်ရေးအတွက်လည်း ထိုင်းနိုင်ငံနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိတွင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့

အလုပ်သမားများ ပြည်ပသို့ ကုန်ကျစရိတ်နည်းနည်းဖြင့် သွားရောက်နိုင်ရေးအတွက် အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီဖွင့်လှစ်ပြီး ကိုရီးယားနိုင်ငံသို့ အလုပ်သမားများ စေလွှတ်ဆောင်ရွက်ပေး လျက်ရှိပါသည်။ ယခင်က ကိုရီးယားနိုင်ငံသို့ သွားရောက်ရာတွင် အလုပ်သမားများက ဝန်ဆောင် စရိတ်များစွာ အကုန်အကျခံရသော်လည်း အခုအခါ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဝန်ဆောင်ခလုံးဝမယူဘဲ သွားရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီများအနေနဲ့ လေယာဉ်စရိတ်၊ ဆေးစစ်ခ၊ ဝတ်စုံစရိတ်၊ ဗီဇာကြေး၊ လေဆိပ်ခွန်စသည်တို့အတွက် အမှန်ကုန်ကျစရိတ်သာကောက်ခံပြီး ကိုရီးယားနိုင်ငံသို့စေလွှတ်လျက် ရှိရာ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လအထိ ၅၂၂၇ ဦးစေလွှတ်ပြီးဖြစ်ပါတယ်။ ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ရာ၌ ကိုရီးယားနိုင်ငံသားများနှင့်တန်းတူ လစာခံစားခွင့်များရရှိသောကြောင့် မြန်မာ အလုပ်သမားများအား ယခုကဲ့သို့ ကိုရီးယားနိုင်ငံသို့စေလွှတ်နိုင်ခဲ့ခြင်းမှာ စံနမူနာယူထိုက်စရာ ဖြစ်ပါတယ်။ ထို့အတူ အခြားနိုင်ငံများသို့ ကုန်ကျစရိတ်နည်းနည်းဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေး အတွက် နှစ်နိုင်ငံကျင်းပသော ညှိနှိုင်းအစည်းအဝေး (Meeting) များ သီးခြားတွေ့ဆုံမှုများ၌လည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခြေခံအခွင့်အရေးများ ရရှိစေဖို့ မြန်မာနိုင်ငံမှ အလုပ်သမားများ အများဆုံးသွားရောက် အလုပ်လုပ်ကိုင်နေသော ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ၁၀-၃-၂၀၁၀ မှ ၃၁-၇-၂၀၁၂ အထိ ထိုင်းနိုင်ငံသို့ အလုပ်သမားအသစ် ၂၆၆၉၇ ဦး စေလွှတ်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံသားများအတိုင်း လုပ်ခလစာများ ခံစားခွင့်ရရှိဖို့ ထိုင်းနိုင်ငံရဲ့ ဥပဒေအရ အကာအကွယ်ပေးခံရဖို့ အဆက်မပြတ်တောင်းဆိုလျက်ရှိပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား နိုင်ငံသားစိစစ်ခြင်း၊ အထောက်အထားများ ထုတ်ပေးခြင်း၊ အလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရရှိစေခြင်း၊ ထိုင်းနိုင်ငံ၏ ဥပဒေအရ အကာအကွယ်ပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာ ထိုင်းနိုင်ငံ ရောက် မြန်မာအလုပ်သမား တစ်သန်းကျော်အား အထောက်အထားများ ထုတ်ပေးပြီး ဖြစ်ပါတယ်။ အဆိုပါ အလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေး၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိရေး၊ အလုပ်သမားများရဲ့ သားသမီးများ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ရရှိနိုင်ရေးနှင့် ပညာသင်ကြားခွင့် ရရှိနိုင်ရေး၊ မှီခိုသူများအတွက်လည်း အထောက်အထားများရရှိရေး၊ အလုပ်သမားများ အလုပ်ရှင်ပြောင်းလဲခွင့်ရရှိရေး၊ နေ့စဉ်နှင့် ရာသီအလိုက်သွားရောက် လုပ်ကိုင်

နေသော အလုပ်သမားများအတွက် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရေးတို့ကိုလည်း ထိုင်းနိုင်ငံနှင့်ညှိနှိုင်းအစည်းအဝေးများမှာ ထည့်သွင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့အလုပ်သမားများကိုလည်း နိုင်ငံသားစိစစ်ပြီး အထောက်အထားများ ထုတ်ပေးလျက်ရှိရာ အလုပ်သမား ၈၀၀၀၀ ဦးမှာ အထောက်အထားများရရှိလျက် တရားဝင်အလုပ်လုပ်ကိုင်ခွင့်များ ရရှိနေပါတယ်။ သို့ရာတွင် ပိုမိုထိရောက်သော အကာအကွယ်များပေးနိုင်ရန် ထိုင်းနိုင်ငံအစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်နေသကဲ့သို့ အခြားနိုင်ငံများနှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ပ ရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ မိသားစုလွှဲပို့ငွေများကို လုံခြုံခိုင်မာစွာ လွှဲပို့နိုင်ရန်အတွက် လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုင်းနိုင်ငံ Siam Commerial Bank, Karsikhon Bank၊ ဘန်ကောက်ဘဏ်တို့နှင့် ကမ္ဘောဇဘဏ်မှလည်းကောင်း မလေးရှားနိုင်ငံရှိ မေဘဏ်နှင့် ဧရာဝတီဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်တို့နှင့်လည်း ချိတ်ဆက်၍ လွှဲပြောင်းပေးနိုင်မှုများဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများအား ကူညီစောင့်ရှောက်နိုင်ရန်လည်း ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံများတွင် အလုပ်သမားသံအရာရှိများထားရှိ ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှာ သံအမတ်ကြီးများ ဦးဆောင်မှုဖြင့် မြန်မာအလုပ်သမားများ ကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ရာတွင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ အလုပ်သမားလက်ခံသော နိုင်ငံများနှင့် နှစ်နိုင်ငံညှိနှိုင်းအစည်းအဝေးများတွင် အလုပ်သမားရေးရာကိစ္စရပ်များ ထည့်သွင်းဆွေးနွေးခဲ့ပြီး သဘောတူညီမှုများရရှိခဲ့သော်လည်း အလုပ်သမားများအနေဖြင့် ဒေသခံအလုပ်သမားများကဲ့သို့ အခွင့်အရေး မရရှိခြင်းကိုကြုံတွေ့နေရပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်ကိုလည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်လည်းကောင်း နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများမှာ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ထို့သို့ သံတမန်လမ်းကြောင်းအရ ချဉ်းကပ်ဆွေးနွေးရာတွင် အဆင်ပြေမှုများရှိသော်လည်း ဥပဒေအရစည်းနှောင်မှုမရှိတဲ့အတွက် ဥပဒေတွင် အုပ်ချုပ်မှုအဆင့်ဆင့်၌ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများရှိနေပါတယ်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများ ခံစားခွင့်ရှိတဲ့ အခြားအလုပ်သမားအခွင့်အရေးများရရှိနိုင်ရေးအတွက် အလုပ်သမားလက်ခံသော နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့သို့ ညှိနှိုင်းရာတွင် အလုပ်သမားလက်ခံသော နိုင်ငံများတွင်လည်း ဝန်ကြီးဌာနများ ပူးတွဲဆောင်ရွက်ရတဲ့အတွက် အကြိမ်ကြိမ်ညှိနှိုင်းရခြင်း၊ သဘောတူညီချက်

ရရှိရန် အချိန်ကြန့်ကြာမှုများ ရှိခြင်းတို့ကိုလည်း ကြုံတွေ့ရတဲ့အတွက် အာဆီယံနိုင်ငံများအတွင်း နိုင်ငံအများ နားလည်မှုစာလွှာ MOU ရေးထိုးဆောင်ရွက်သွားမှသာ ခိုင်မာမှုရှိမှာ ဖြစ်ပါတယ်။ ထို့အပြင် အာဆီယံကြေညာစာတမ်း၌ အလုပ်သမားစေလွှတ်တဲ့ နိုင်ငံများနှင့် လက်ခံတဲ့နိုင်ငံများ ဆောင်ရွက်ရန် တာဝန်ဝတ္တရားများပါဝင်သော်လည်း အလုပ်သမားစေလွှတ်သည့်နိုင်ငံများအနေနဲ့ နစ်နာမှုများ ကြုံတွေ့ရလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အတည်ပြု ထောက်ခံခဲ့တဲ့အတိုင်း မြန်မာနိုင်ငံအနေနဲ့ ပိုမိုပြီးပြည့်စုံသော ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒ Labour Migration Policy လိုအပ်လျက်ရှိပြီး ယခုကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ စိတ်ဝင်တစားပါဝင်ဆွေးနွေးမှုနှင့် အလုပ်သမားလက်ခံသော နိုင်ငံများကိုလည်း တွန်းအားပေး ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိမှာ အာဆီယံနိုင်ငံများအတွင်း မြန်မာအလုပ်သမားများမှာ ရသင့်ရထိုက်သောခံစားခွင့်များမရဘဲ ရပ်တည်နေရတဲ့အတွက် အခြားအလုပ်သမားစေလွှတ်သော နိုင်ငံများနှင့်ပူးပေါင်း၍ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ Forearm, Labour Migration Forearm မှာ အလုပ်သမား လက်ခံသောနိုင်ငံများရဲ့ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စနစ်တကျရွှေ့ပြောင်းလုပ်ကိုင်ခြင်းကြောင့် မိသားစု လွှဲပို့ငွေ ပေးပို့နိုင်ခြင်းဟာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်သမားများရရှိခဲ့သော အတွေ့အကြုံ၊ အသိပညာနှင့် အတတ် ပညာတို့ကို ပြည်တွင်းတွင် စနစ်တကျပြန်လည်အသုံးချနိုင်ခြင်း၊ ကျွမ်းကျင်မှုအသိအမှတ်ပြုရန် အတွက် သင်ကြားလေ့ကျင့်ပေးမှုများ လိုအပ်ခြင်း၊ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ကျွမ်းကျင်မှုများ ပြန်လည်အသုံးချနိုင်ခြင်း၊ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်း၊ ဆင်းရဲမှုလျှော့ချနိုင်ခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့ကို ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန အနေနဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအား လက်ခံသောနိုင်ငံများမှ အဆင့်မြင့်ကျွမ်းကျင်မှု သင်တန်းများလေ့ကျင့်ပေးခြင်း၊ ကျွမ်းကျင်လုပ်သားများသာ ခေါ်ယူခြင်းတို့ကို အလုပ်သမားရေးရာ အစည်းအဝေးများမှာ ထည့်သွင်းဆွေးနွေးလျက်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ထိုင်းနိုင်ငံ ခရီးစဉ်မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများ အတွက် ထိုင်းနိုင်ငံသားများနည်းတူ လုပ်ခရရှိဖို့နှင့် အလုပ်သမားများအား အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ လေ့ကျင့်သင်ကြားပေးသွားရန် အစီအစဉ်ရှိကြောင်းများပြောကြားခဲ့ပါတယ်။ နိုင်ငံ အတွင်းသို့ ပြည်ပအရင်းအနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက မိမိတို့ အလုပ်သမားများ

ကျွမ်းကျင်မှုရှိရန်လိုအပ်ပြီး ဒေသအတွင်း ကုန်ထုတ်မှုစွမ်းအား တိုးမြှင့်လာခြင်းနှင့် ဒေသအတွင်း ရွှေ့ပြောင်းသွားလာမှု ပိုမိုတိုးမြင့်လာနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပြည်ပမှအလုပ်သမားများလည်း ပိုမိုရောက်ရှိလာမှာဖြစ်ပါတယ်။ အဆိုပါ အလုပ်သမားများ အတွက်လည်း ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ မူဝါဒတွင် အကျုံးဝင်နိုင်ရန် ထည့်သွင်းရေးဆွဲသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အချို့ရဲ့ ဆွေးနွေးချက်များအပေါ် ဆွေးနွေးချင်တာကတော့ အလုပ်သမားဝန်ကြီးဌာနရဲ့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်မှာ ရွှေ့ပြောင်းအလုပ်သမား ဌာနခွဲကို ဖွဲ့စည်းပုံတိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်သလို ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ရဲ့ရုံးအဖွဲ့ကိုလည်း ဖွဲ့စည်းဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့မှာ ထုတ်ပြန်ခဲ့တဲ့ ရွှေ့ပြောင်းအလုပ်သမားများနှင့် သက်ဆိုင်တဲ့အာဆီယံ ကြေညာစာတမ်းပါ အချက်အလက်များဟာ ဆွေးနွေးတင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံများအတွက် ထိုက်သင့် သောအကာအကွယ်များပေးနိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် စည်းနှောင်မှုမရှိတဲ့အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ခက်ခဲလျက်ရှိပါတယ်။ အလုပ်သမားလက်ခံသော နိုင်ငံများအနေနဲ့လည်း ၎င်းတို့ဆောင်ရွက်ပေးရမယ့် တာဝန်များအပေါ် အထူးသတိထားရှောင်ရှား နေကြပါတယ်။ ဒါပေမယ့် အာဆီယံဒေသအတွင်းမှာ စီဘူးကြေညာစာတမ်းကို ထိရောက်စွာအကောင် အထည်ဖော်မယ့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ရေးဆွဲရာမှာ မိမိတို့လိုလားချက်များ ထိထိရောက် ရောက်ပါဝင်ရေး၊ လေ့လာသုံးသပ်ပါဝင်ရေးဆွဲလျက်ရှိပါတယ်။ ဒါကြောင့် ရွှေ့ပြောင်းအလုပ်သမား များကိစ္စဟာ ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းလုပ်ဆောင်ရမယ့်တာဝန်ကြီးတစ်ရပ် ဖြစ်သလို အခုလို ကိုယ်စားလှယ်ကြီးများအနေနဲ့ စိတ်ပါဝင်စားစွာ ဆွေးနွေးပေးကြတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မြန်မာနိုင်ငံအနေနဲ့ ရွှေ့ပြောင်း အလုပ်သမားဆိုင်ရာ မူဝါဒကို နိုင်ငံတကာကျင့်သုံးနေသည့်စံများနှင့် တူညီမှုရှိအောင် လက်တွေ့၌ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများရှိသော်လည်း ရှေ့လုပ်ငန်းစဉ်များတွင် စနစ်တကျခိုင်မာသည့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒ (Labour Migration Policy) ချမှတ် နိုင်ရေး၊ ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များ၊ ILO ၏ Convertion များ နိုင်ငံတကာ သတ်မှတ် စံနှုန်းများပေါ်တွင် မူတည်၍ လက်တွေ့ဖြစ်ပေါ်မှုအခြေအနေများနှင့်ကိုက်ညီအောင် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဌေးဦး တင်သွင်းတဲ့အဆိုနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များထံက ဒီလိုအလုပ်သမားများအခက်အခဲဖြစ်ပေါ် နေခြင်းဟာ စီးပွားရေးအရေးယူပိတ်ဆို့မှု၊ ငွေလွှဲပြန်လည်ပေးအပ်တဲ့အခါမှာ ခက်ခဲမှု၊ ငွေလွှဲနှုန်း မမျှမတဖြစ်မှုစတဲ့ ပိုင်ရာဆိုင်ရာကိစ္စများ၊ ဘဏ္ဍာအခွန်ဆိုင်ရာကိစ္စများပါဝင်နေသလို နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ သံတမန်များ၊ သံရုံးဝန်ထမ်းများရဲ့ကိစ္စများလည်းပါဝင်ခဲ့ပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာနိုင်ငံများနဲ့ MOU လက်မှတ်ရေးထိုးရေး၊ Convention Treaty များ မိမိတို့နိုင်ငံ လိုက်ပါရမယ့်၊ ဆောင်ရွက်မယ့်ကိစ္စများနည်းတူ တခြားနိုင်ငံများကလည်း လိုက်ပါဆောင်ရွက်ရေး ကိစ္စများဟာ ဦးဌေးဦးတင်သွင်းတဲ့အဆိုနဲ့လည်း ဆက်စပ်နေတာဖြစ်တဲ့အတွက် ဒီနေ့ရောက်ရှိနေကြတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီးက မိမိတို့နဲ့သက်ဆိုင်တဲ့ကိစ္စရပ်များကိုလည်း လွှတ်တော် ကိုယ်စားလှယ်များသိရှိဖို့လိုအပ်တယ်ဆိုလို့ရှိရင် ဆက်လက်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာနေ့လည်ခင်းပါခင်ဗျား။ ခုလို စကားပြောဆိုခွင့်ပြုတဲ့အတွက်လည်း ကျေးဇူးတင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ Migrant Workers Issue ဟာ ယခုမှဖြစ်ပေါ်နေတဲ့ကိစ္စတော့ မဟုတ်ပါဘူးခင်ဗျာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၊ ၄၀ ကတည်းက စတင်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကိုလည်း မြန်မာနိုင်ငံရဲ့ အစိုးရအဆက်ဆက်က ဖြေရှင်းနိုင်ဖို့တော့ ကြိုးစားခဲ့ကြတာကိုလည်း ပြန်ပြီးတော့မှတွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကနေ Migrant Workers အဖြစ်နဲ့ ပြည်ပကိုရောက်ရှိနေတဲ့အထဲမှာ အထူးသဖြင့်ကတော့ ကျွန်တော်တို့ရဲ့အိမ်နီးချင်း ထိုင်းနိုင်ငံမှာ လူဦးရေ ၁.၅ သန်း၊ ၂ သန်းခန့်ရှိတယ် လို့ခန့်မှန်းရပါတယ်။ ဒီလိုခန့်မှန်းရတာကလည်း တကယ်တမ်း မြေပြင်မှာတိုင်းတာလို့မရတဲ့အတွက် ကျွန်တော်တို့ရဲ့အရေအတွက်တွေသည် ခန့်မှန်းချက်အဖြစ်နဲ့ပဲ ရှိနေခဲ့ပါသေးတယ်။ ဒီ ၁.၅ သန်းနှင့် ၂ သန်းခန့်ဟာ တရားမဝင်အဖြစ်နဲ့ ရောက်ရှိနေတာကနေပြီး တရားဝင်အဖြစ်ရောက်ရှိအောင် လွှတ်တော်ရဲ့ဥက္ကဋ္ဌအဖြစ်ထမ်းဆောင်နေတဲ့ ဗိုလ်ချုပ်ကြီး သူရရွှေမန်းရဲ့ တာဝန်ပေးချက်အရ ပြန်ကြားရေးဝန်ကြီးဌာနကတာဝန်ယူပြီးတော့ လွန်ခဲ့တဲ့ ၇ နှစ်၊ ၈ နှစ်ခန့်ကနေစပြီးတော့ ဆောင်ရွက် ခဲ့ပါတယ်။ သို့သော်လည်း အိမ်နီးချင်းထိုင်းနိုင်ငံအနေနဲ့ကတော့ ယခင်တချိန်တုန်းက ရပ်တည်ချက် များအရ မြန်မာအလုပ်သမားတွေအပေါ်မှာ အမြတ်ထုတ်လို့ရတဲ့ အခြေအနေအရ ကျွန်တော်တို့နဲ့ နှစ်နိုင်ငံချင်းပူးပေါင်းဆောင်ရွက်မှုမှာ တုံ့နှေးခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ သို့သော်လည်း

လွန်ခဲ့တဲ့ ၄ နှစ်ခန့်ကစပြီးတော့မှ Temporary Passport ကို နှစ်နိုင်ငံညှိနှိုင်းပြီးတော့မှ ကြိုးစားပြီး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အနေအထားရှိပါတယ်။ ဒုတိယဝန်ကြီး ဦးမြင့်သိန်း တင်ပြသွားသလိုပဲ တစ်သန်းကျော်ကို ကျွန်တော်တို့ထုတ်ပေးပြီးဖြစ်ပါတယ်။ ကျန်နေတာကိုလည်း ဆက်လက်ပြီးတော့ ကြိုးပမ်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ဖြင့် ကျွန်တော်တို့က Migrant Workers တွေကို Policy တစ်ရပ်ချမှတ်ပြီးတော့မှ လုပ်ဆောင်တဲ့နေရာမှာ မကျန်ခဲ့သင့်တဲ့ကိစ္စကတော့ဖြင့် ကျွန်တော်တို့ရဲ့ လူထုကို Awareness ပေးဖို့ကိစ္စပါပဲ။ ကျွန်တော်တို့ ကလူထုကို ပြည်ပမှာရောက်ရှိနေတဲ့ Migrant တွေကို Legal Labour တွေအဖြစ်နဲ့ ကြိုးစားနေတဲ့ အချိန်အတွင်းမှာပဲ နောက်ထပ် Migrant ဖြစ်တာတွေကလည်းရှိနေတာကို ကျွန်တော်တို့ မြေပြင်မှာ ကြားသိနေတာတွေရှိပါတယ်။ ဒါတွေကိုလည်း လူထုက Awareness ရှိမှသာလျှင် သူတို့အနေနဲ့ တရားဝင်လမ်းကြောင်းကသွားမှသာ ကျွန်တော်တို့အနေနဲ့ပိုပြီးတော့မှ သင့်တော်မှာဖြစ်ပါတယ်။ အလားတူ ပြည်ပနိုင်ငံတွေမှာလည်း မလေးရှားမှာ စာစောက တင်ပြသွားသလို တစ်သိန်းခန့်ရှိ ပါတယ်။ ကျွန်တော်တို့ စင်္ကာပူမှာကတော့ တစ်သိန်းခန့်ရှိပါတယ်။ ကျန်တဲ့ ဂျပန်နဲ့ ကိုရီးယားမှာ ထောင်ဂဏန်းရှိပါတယ်။ Middle East နိုင်ငံတွေမှာလည်း နိုင်ငံအလိုက် သောင်းဂဏန်းရှိတဲ့ နိုင်ငံ ရှိသလို ထောင်ဂဏန်းရှိတဲ့ နိုင်ငံတွေလည်းရှိပါတယ်။ တချို့နိုင်ငံတွေမှာ သံရုံးရှိပါတယ်။ တချို့နိုင်ငံ တွေမှာ သံရုံးမရှိပါဘူး။ သံရုံးတွေအနေနဲ့ကတော့ဖြင့် Monday က ကျွန်တော့်ရဲ့ ကိုယ်စားလှယ်ပဲ တက်ရောက်နိုင်တဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့ကျွန်တော့်ကို တင်ပြချက်တွေအရဆိုရင် သံရုံးတွေရဲ့ စောင့်ရှောက်မှုအားနည်းတယ်ဆိုပြီးတော့မှ ပြောဆိုမှုတွေလည်း ကျွန်တော်တို့ ကြားသိရပါတယ်။ ဒီအတွက်လည်းကျွန်တော်တို့ စိတ်မကောင်းပါဘူး။ စိတ်မကောင်းဘူးဆိုတဲ့နေရာမှာ လွှတ်တော်မှာ တင်ပြတဲ့ တင်ပြချက်တွေဟာ ကျွန်တော်တို့ ဝန်ကြီးဌာနတွေအပေါ်မှာ Blame လုပ်တယ်လို့ ကျွန်တော်မယူဆပါဘူး။ သို့သော်လည်း တကယ့်တိတိကျကျ ပြောဆိုခြင်းအားဖြင့် ကျွန်တော်တို့ တွေလည်း ပြုပြင်ရတာလွယ်ပါတယ်။ အဲဒီတော့ သာမန်အားဖြင့် ပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကလည်း သာမန်ပဲဆုံးမလို့ရတဲ့ကိစ္စရှိပါတယ်။ အရေးယူလို့မရပါဘူး။ ကျွန်တော်တို့က သံရုံးတွေကိုရောက်ရှိတဲ့ အချိန်မှာသံရုံးတွေကို အမြဲတမ်းဆုံးမတာကတော့ဖြင့် အဲဒီနိုင်ငံမှာ ရောက်ရှိ နေတဲ့ မြန်မာနိုင်ငံသားတွေရဲ့အကျိုးကို ၂၄ နာရီ စောင့်ရှောက်ဖို့နဲ့ အဲဒီမြန်မာနိုင်ငံသားတွေဟာ အလုပ်ရှင်၊ ခင်ဗျားတို့ သံရုံးဝန်ထမ်းတွေဟာ အလုပ်သမားဖြစ်တယ်လို့ သူတို့ကို ကျွန်တော်တို့က ဝန်ဆောင်မှုပေးရမယ်ဆိုတာ ဒီလိုပဲ အမြဲတမ်းသွန်သင်နေတာဖြစ်ပါတယ်။ သို့သော်လည်း

မတစ်ထောင်သားတွေနဲ့ ဖွဲ့စည်းထားတဲ့ ဝန်ကြီးဌာနဖြစ်ပါတယ်။ သူတို့ရဲ့မှားယွင်းမှုလည်း ရှိကောင်း ရှိနိုင်မှာပဲ သို့သော်လည်း အမှားအနည်းဆုံးကနေပြီးတော့မှ အမှားကင်းစင်အောင် ကျွန်တော်တို့ ကနေပြီးတော့ ဆက်ပြီးတော့ ကြိုးစားသွားမယ်ဆိုတာ တင်ပြလိုပါတယ်။ အဲ့တော့နိုင်ငံ တစ်နိုင်ငံဟာ Migrant Workers ရှိတာ ရှက်စရာမဟုတ်ဘူးဆိုတာကိုလည်း ဒီနေရာကနေ တင်ပြလိုပါတယ်။ ကျွန်တော်တို့ အာရှဒေသမှာ ဖိလစ်ပိုင်နိုင်ငံဟာ လူဦးရေသန်း ၈၀ ရှိပါတယ်။ သူ့ရဲ့လူဦးရေရဲ့ လူဦးရေ ၈ သန်းက ပြည်ပနိုင်ငံတွေမှာ အလုပ်လုပ်နေကြပါတယ်။ အဲဒီနိုင်ငံသားတွေက ပြန်ပို့တဲ့ Bemittance ဟာ ကျွန်တော်တို့ရဲ့စာရင်းဇယားတွေအရဆိုလို့ရှိရင် ၁၈ ဘီလီယံ ဒေါ်လာရှိပါတယ်။ အဲဒီထဲက ၁၄ Billion Dollar က Bhrouth Bank ပို့ပါတယ်။ ကျန်တဲ့ ၄ ဘီလီယံ ကတော့ သူတို့ရဲ့ ဟွန်ဒီစနစ်နဲ့ပို့တယ်လို့ လေ့လာသိရှိရပါတယ်။ အဲဒီငွေတွေဟာ Hard Currency အဖြစ်နဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ GDP မှာ ရာခိုင်နှုန်းတော်တော်များများ Occupied ဖြစ်နေတာကိုလည်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း အခုလို Migrant Workers ၃ သန်းရှိနေတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ကတော့ဖြင့် ဒါဟာ ကျွန်တော်တို့ မြန်မာနိုင်ငံထဲမှာ Labour Force တွေပိုနေလို့ ပြည်ပကိုသွားလုပ်နေတာ အဲလူတွေကို Migrant Workers Policy နဲ့ ချမှတ်ပြီးတော့မှ ကျွန်တော်တို့က သူတို့အတွက်လိုအပ်တဲ့ Right တွေ အပြည့်အဝရအောင် ဆောင်ကျဉ်းပေးခြင်းအားဖြင့် သူတို့ဘက်ကပြန်ပို့မယ့် Remittance တွေဟာ GDP ကို ထိုက်သင့်တဲ့ ထောက်ခံမှုတွေ ရရှိမယ်လို့လည်းယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ စကားပြောခွင့်ရရှိတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာသံရုံးများနေပြီးတော့မှ ဒီ Migrant Workers အပါအဝင် မြန်မာနိုင်ငံသားတွေရဲ့အကျိုးစီးပွား၊ မြန်မာနိုင်ငံမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံချင်တဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအားလုံးအတွက် ကြိုးစားပြီးတော့မှဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံအသီးသီးကိုရောက်ရှိနေတဲ့ သံရုံးများရဲ့ စေတနာထားဆောင်ရွက်ပေးမှုများကိုလည်း မိမိအနေနဲ့ သိတန်သလောက်သိပါတယ်။ ဒီနေရာမှာ ရောက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ သံရုံးများမှာရှိကြတဲ့ သံရုံးဝန်ထမ်းများရဲ့ အရည်အတွက်ဟာလည်းသံရုံးများ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ဒီအကြောင်းကတော့ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြသွားတာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီကိစ္စအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက သက်ဆိုင်တဲ့နည်းလမ်းများနဲ့ သံရုံးဝန်ထမ်းများ

လိုအပ်သလောက်ရရှိရေးအတွက်လည်း စဉ်းစားဆောင်ရွက်ဖို့လိုမယ်ဆိုတာကို အကြံပြုပြောကြားလိုပါတယ်။ တစ်ဖန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနဲ့သက်ဆိုင်တဲ့ ငွေလွှဲခြင်း၊ ငွေပို့ခြင်းကိစ္စ၊ ငွေလဲနှုန်းကိစ္စများဟာလည်း ပြီးခဲ့တဲ့ရက်က လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့အတွက် ဒီအပေါ်ကို ပြည်လည်သုံးသပ်ဆွေးနွေးပေးမယ်ဆိုလို့ရှိရင်လည်းပဲ ဘဏ္ဍာအခွန်ဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးနိုင်ကြောင်းပြောကြားလိုပါတယ်။

**ဦးဝင်းရှိန် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာကဆွေးနွေးကြတဲ့ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ ဘဝအာမခံချက် လုံခြုံမှုရရှိရေး အတွက်ကိစ္စနဲ့ပက်သက် ပြီးတော့ဆွေးနွေးတဲ့နေရာမှာ လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိတဲ့အတိုင်း ဒီရွှေ့ပြောင်းလုပ်သားများရဲ့ ဘဝအာမခံချက် လို့ပဲဆိုဆိုသူတို့ရဲ့ရှိတဲ့ ငွေများမြန်မာနိုင်ငံကိုပြန်လည် လွှဲပြောင်းတဲ့ကိစ္စတွေဟာ တစ်ချိန်တုန်းကနည်းမျိုးစုံ နည်းလမ်းမျိုးစုံနဲ့ လွှဲပြောင်းပေးပို့ခဲ့ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီအခြေအနေဟာလည်း ကျွန်တော်တို့အလုပ်သမား ဒုတိယဝန်ကြီးတင်ပြသွားတဲ့ အနေအထားရှိပါတယ်။ အဲ့ဒီမှာအခုဆိုလို့ရှိရင် ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ မိသားစုလွှဲပို့ငွေများကို လုံခြုံခိုင်မာစွာလွှဲပို့နိုင်ရေးအတွက် ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဆိုင်ရာ ရွှေ့ပြောင်းလုပ်သားများစွာရှိပါတယ်။ အလားတူပဲ မလေးရှား နိုင်ငံမှာ အဓိက ရွှေ့ပြောင်းလုပ်သားများစွာရှိတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ထိုင်းနိုင်ငံပိုင်းဆိုင်ရာ ပတ်သက်တဲ့ Siam Commerial Bank, Custom Count Bank, Bangok Bank တို့နဲ့လည်း ကျွန်တော်တို့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံသားများပိုင် ဘဏ်များနဲ့လည်း ငွေလွှဲပြောင်းရေးကိစ္စများကို ဆောင်ရွက် နေပြီဖြစ်ပါတယ်။ အလားတူပဲမလေးရှားနိုင်ငံမှာရှိတဲ့ May Bank နဲ့လည်း နိုင်ငံသားများပိုင်ဘဏ်များနဲ့ ဒီရွှေ့ပြောင်းလုပ်သားများထိုနိုင်ငံများမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားများရဲ့ ငွေလွှဲပြောင်း ပို့ဆောင်ရေးကိစ္စကိုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီနေရာမှာဒုတိယဝန်ကြီး တင်ပြသွားတဲ့အချိန်မှာ မပါသေးတဲ့အနေအထားကတော့ ဒီဘဏ်တွေအပြင်ကို နိုင်ငံသားများဘဏ် အပြင်ကို မလေးရှားနိုင်ငံ May Bank နဲ့ ကျွန်တော်တို့နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်ဟာလည်း ဒီရွှေ့ပြောင်းလုပ်သားများ ငွေလွှဲပို့နိုင်ရေးကိစ္စကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မကြာခင်မှာလည်း May Bank နဲ့ ကျွန်တော်တို့ မြန်မာ့စီးပွားရေးဘဏ်ဟာ ရွှေ့ပြောင်းလုပ်သားများရဲ့

ရွှေ့ပြောင်းနိုင်ငံသားများရဲ့ ငွေလွှဲပြောင်းမှုကိစ္စကို ရန်ကုန်မြို့တွင်သာမက တစ်နိုင်ငံလုံးမှာရှိတဲ့ နယ်မြေဒေသအသီးသီးမှာရှိတဲ့ ဘဏ်ခွဲများတစ်ဆင့် လွှဲပြောင်းပို့ဆောင်နိုင်ရေးကိစ္စကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြချင်တဲ့ တစ်ချက်ကတော့ ပြောင်းလဲလာတဲ့ ခေတ်စနစ်တွေနဲ့အညီ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ငွေကြေးဆိုင်ရာပေါ်လစီ ဘဏ်လုပ်ငန်းစနစ်တွေကိုလည်း ကျွန်တော်တို့စတင်ပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ဘဏ်၊ IMF ၊ နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အကူအညီတွေနဲ့လည်း ကျွန်တော်တို့ ပညာရပ်ပိုင်းဆိုင်ရာ၊ နည်းပညာရပ်ဆိုင်ရာ အကူအညီ ရယူနေတာဖြစ်ပါတယ်။ တစ်ဆင့်ချင်းဆောင်ရွက်သွားမယ့် အနေအထားတွေဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှု လုပ်ရမယ့်အခြေအနေဟာ ကျရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျနဲ့ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ MOU ကိစ္စ Convention Treaties များနဲ့ ပတ်သက်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးဘက်က ဆွေးနွေးစရာရှိရင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဟသ်ာတမဲဆန္ဒနယ်က ဦးဌေးဦးရဲ့အဆိုကို လက်ခံသင့်၊ မသင့်ကိစ္စအတွက် ကျွန်တော် ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုယ်စား တက်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီကနေ့ ရွှေ့ပြောင်းလုပ်သားများနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့တော့ Convention Treaties များနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများအား ဒီတင်ပြလာတဲ့ စာချုပ်တွေနဲ့ပတ်သက်ပြီးတော့ အချိန်မီဆောင်ရွက်ပေးလျက်ရှိပါတယ်။ တခြားတော့ ကျွန်တော် အထွေအထူး ဒီမှာတင်ပြစရာမရှိပါဘူး။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးရဲ့သဘောထားပြောဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဦး(ဟသ်ာတမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား။ နိုင်ငံအသီးသီးမှာရှိနေကြတဲ့ ပြည်သူတွေအနေနဲ့ ပိုမို ကောင်းမွန်တဲ့ဘဝနေထိုင်မှု၊ ပိုမိုကောင်းမွန်တဲ့အလုပ်အကိုင်၊

ပိုမိုကောင်းမွန်တဲ့အကျိုးခံစားခွင့်တို့ကို ရရှိခံစားနိုင်မယ်လို့ မျှော်လင့်ပြီး တစ်နေရာကတစ်နေရာ၊ တစ်နိုင်ငံက တစ်နိုင်ငံကို ရွှေ့ပြောင်းလုပ်ကိုင်လျက်ရှိကြတဲ့အတွက် ရွှေ့ပြောင်းသွားလာသူ အရေအတွက်ဟာလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားလျက်ရှိတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါဘူး။ နိုင်ငံတိုင်းဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။ ရွှေ့ပြောင်းလုပ်သားတွေရဲ့ အရေးအရာတွေကို စဉ်းစားတဲ့နေရာတွေကို စေလွှတ်တဲ့နိုင်ငံ၊ လက်ခံတဲ့နိုင်ငံဆိုပြီး တော့မှ အခြေအနေပေါ်မူတည်ပြီး ဦးစားပေးစဉ်းစားရတာဖြစ်ပါတယ်။ လက်ရှိကာလမှာတော့ ကျွန်တော်တို့နိုင်ငံဟာ အလုပ်သမားစေလွှတ်တဲ့နိုင်ငံဖြစ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းမှာရှိနေတဲ့ သွားရောက်လုပ်ကိုင်ကြသူတွေရဲ့ ဆွေမျိုးမိတ်ဆွေသင်္ဂဟတွေ သွားရောက်လုပ်ကိုင်တာက ပြန်လည်ရောက်ရှိလာကြသူတွေနဲ့ တွေ့ဆုံစကားပြောရာက အခြေအနေတချို့ကို ကျွန်တော်တို့ သိခဲ့ရပါတယ်။ သတင်းအချက်အလက်ခေတ်ဖြစ်တဲ့အတွက် ရွှေ့ပြောင်းလုပ်သားတွေ တွေ့ကြုံခံစားနေကြတာက သတင်းအဖြစ် ထွက်ပေါ်လာတာတွေလည်း သိရှိခွင့်ရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရွှေ့ပြောင်း အလုပ်သမားများအပေါ် စာနာစိတ်နဲ့ လေ့လာကူညီဆောင်ရွက်လျက်ရှိတဲ့ ထိုင်းနိုင်ငံ မဟိတောတက္ကသိုလ်က မစ္စတာ အယ်တီဟော နဲ့လည်းပဲ တွေ့ဆုံဆွေးနွေးခွင့်ရပါတယ်။ လက်လှမ်းမီရာ စာအုပ်စာတမ်းတွေ၊ UN အဖွဲ့အစည်းတွေ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူတွေနဲ့လည်း လေ့လာဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံက သွားရောက်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းလုပ်သားများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုရလိုမှုဟာ ကာယကံရှင် ရွှေ့ပြောင်းလုပ်သားတွေရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ ကာယကံရှင်တွေရဲ့ မိဘသားချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနဲ့ စာနာသူတွေရဲ့ဆန္ဒဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ပြင်ပမှာ ဆွေးနွေးဆောင်ရွက်တဲ့အပြင် ပြည်သူတွေရဲ့ ကိုယ်စားလှယ်တွေစုဝေးရာ လွှတ်တော်ကြီးမှာ တင်ပြဆွေးနွေးခြင်းအားဖြင့် ပိုမိုထိရောက်ကောင်းမွန်တယ်လို့ ယူဆတဲ့အတွက် တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်နေသလို လွှတ်တော်အနေနဲ့လည်းပဲ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းဟာလည်းပဲ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆွေးနွေးမှုများအတွက် ထိုက်သင့်တဲ့ အချိန်ပေးရပေမယ့် အကျိုးရှိတဲ့ရလဒ်ကောင်းတွေ ရရှိတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော် သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့ အလုပ်သမားဝန်ကြီးဌာနသာမကဘဲနဲ့ ဆက်နွယ်ပတ်သက်နေတဲ့ ဝန်ကြီးဌာနက တာဝန်ရှိကြသူများရဲ့ ပြည်ပကို သွားရောက်လုပ်ကိုင်နေကြတဲ့ အလုပ်သမား

များအပေါ် ဆောင်ရွက်ပေးနေမှုတွေကိုလည်း သက်ဆိုင်ရာပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာကိုလည်းပဲ ကြားသိရပါတယ်။ ကျွန်တော် တင်ပြတဲ့အဆိုနဲ့ပတ်သက်ပြီး နိုင်ငံရပ်ခြားကို သွားရောက်လုပ်ကိုင်နေကြတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားများအပေါ် နားလည် စာနာစိတ်အပြည့်အဝနဲ့ ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအပါအဝင် တက်ရောက် နေကြသူအားလုံးကိုလည်းပဲ ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ ကျွန်တော် တို့ရဲ့ ဆွေးနွေးချက်တွေဟာ Labour Migration Policy ရေးဆွဲရာမှာ အထောက်အကူ ဖြစ်မယ်လို့လည်းပဲ ယုံကြည်ပါတယ်။ ရှင်းလင်းဆွေးနွေးပေးတဲ့ အလုပ်သမားရေးရာဝန်ကြီးဌာနနဲ့ ကျန်ဝန်ကြီးဌာနက တာဝန်ရှိသူများကိုလည်းပဲ အထူးကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဆိုတင်ပြခဲ့တဲ့ Labour Migration Policy ဟာ နိုင်ငံရပ်ခြားကို သွားရောက်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းလုပ်သားများရှိတဲ့ ကျွန်တော်တို့နိုင်ငံအတွက် ရေးဆွဲရန် လိုအပ်တဲ့အတွက် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အဆိုရှင်တင်သွင်းခဲ့တဲ့အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကရော အဓိက သက်ဆိုင်တဲ့ ဝန်ကြီးဌာနကလည်း ဒီအဆိုဟာ ကောင်းမွန်တဲ့အဆိုဖြစ်ပြီး ဆောင်ရွက်နေပါတယ်ဆိုတဲ့ အဓိပ္ပာယ် ပါတဲ့ ပြောဆိုတင်ပြမှုများကို ကြားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို မဲခွဲဆုံးဖြတ်ရန် မလိုအပ်တော့ဘဲ မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အခြား ဝန်ကြီးဌာနများရဲ့ ဆောင်ရွက်မှုများကို စောင့်ကြည့်၊ ထိန်းညှိသွားရန်သာ လိုတယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ မိမိလွှတ်တော် ဥက္ကဋ္ဌ ရဲ့ လွှတ်တော်ကို တင်ပြချက်အပေါ်မှာ မူတည်ပြီးတော့ သဘောတူမယ်ဆိုလို့ရှိရင်တော့ ဒီအဆိုကို မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်၊ ထိန်းညှိ၊ ကူညီ ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း မှတ်တမ်းတင်ထားရှိပါမယ်။ ဒါကြောင့် ဦးဌေးဦး တင်သွင်းတဲ့ နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများ (Migrant Workers) အတွက် ဘဝအာမခံချက် လုံခြုံမှုရရှိရေးအတွက် Migration Policy ချမှတ်ဆောင်ရွက်ပေးပါရန် အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်တွင် မှတ်တမ်းတင် ထားရှိပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၏ ဆောင်ရွက်မှုများကို စောင့်ကြည့်၊ ကူညီ၊ ထိန်းညှိသွားရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီး ဒီလွှတ်တော်ရဲ့ အတည်ပြုကြေညာချက်ကို ကန့်ကွက်လိုသူများ ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အတည်ပြုကြောင်းထပ်မံ ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းဆွေ၊အမ်းမဲဆန္ဒနယ်၏ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ထုတ်ပြန် ကြေညာပြီးနေ့မှ ရက်ပေါင်း ၉၀ (သို့မဟုတ်) လွှတ်တော်က သတ်မှတ်သည့် ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး အမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်များအားလုံး မင်္ဂလာပါဟု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးတဲ့ဥပဒေနှင့် သက်ဆိုင်တဲ့နည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် ဥပဒေအလိုက် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းတည်ဆောက်လျက်ရှိပါတယ်။ ခေတ်နဲ့မလျော်ညီတော့တဲ့ တည်ဆဲဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းများကိုလည်းပဲ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ လွှတ်တော်အသီးသီးမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်သက်တမ်း တစ်နှစ်ကျော်ကာလအတွင်းမှာလည်းပဲ ဥပဒေသစ်အချို့ကို အသစ်

ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းရန် လိုအပ်နေသေးတဲ့ အခြားသောဥပဒေများကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များက ပြဋ္ဌာန်းနိုင်ရေးအတွက် တက်ကြွစွာလုပ်ဆောင်လျက်ရှိတာ အားလုံး အသိပဲဖြစ်ပါတယ်။ ဥပဒေပြုရေးနှင့်စပ်လျဉ်းပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ (က) မှာ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်း သည့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်း ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်ဟု ဖော်ပြထားပါတယ်။ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပြီးတဲ့ ဥပဒေနှင့်သက်ဆိုင်တဲ့ နည်းဥပဒေများထုတ်ပြန်နိုင်ရေးမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလကို သုံးသပ်မယ်ဆိုရင် အချိန်များက ကြန့်ကြာလျက်ရှိကြောင်း ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ ဥပဒေများပြဋ္ဌာန်းပြီးသည့်အချိန် တစ်နှစ်ခန့်ကြာတဲ့အထိ နည်းဥပဒေများ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်နိုင်ခြင်းမရှိသည့်အတွက် ပြည်သူလူထုများ အနေနဲ့ ဥပဒေရဲ့အကာအကွယ်၊ ဥပဒေပါအခွင့်အရေးများကို မခံစားရဘဲနဲ့ မလိုလားအပ်တဲ့ ပြဿနာ များ ဖြစ်ပေါ်လျက်ရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ နည်းဥပဒေများ ရေးဆွဲတဲ့နေရာမှာ စေ့စပ်သေချာပြီး ပါသင့်ပါထိုက်တဲ့အချက်များ ပြည့်စုံစွာပါရှိရေး၊ တိကျမှန်ကန်ရေးတို့အတွက်ကို ထိုက်သင့်တဲ့အချိန်ယူပြီးတော့မှ ဆောင်ရွက်ရမယ်ဆိုတာကိုလည်းပဲ ကျွန်တော့်အနေနဲ့ နားလည် သဘောပေါက်လက်ခံပါတယ်။ ဒါပေမယ့် လိုအပ်တဲ့အချိန်ထက် ပိုမိုပြီးတော့ ကြန့်ကြာနိုင်မယ်ဆိုလို့ ရှိရင် နိုင်ငံတော်နှင့် ပြည်သူများအတွက် မလိုလားအပ်တဲ့အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်မှ ဥပဒေနှင့်အညီ လုပ်ဆောင် ရန် အခက်အခဲကိုလည်း ဥပဒေများ၊ နည်းဥပဒေများ မထုတ်သေးတဲ့အတွက် ကျွန်တော်တို့ အခက်အခဲ များကြုံတွေ့နေရပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံနှင့်လူမျိုး ပြည်သူလူထုအတွက် အကျိုးရှိ မယ့် ခေတ်နဲ့လျော်ညီတဲ့ ဥပဒေများပြဋ္ဌာန်းခဲ့သော်လည်းပဲ လက်တွေ့မှာ ပြည်သူလူထုအနေနဲ့ အကျိုး ခံစားရခြင်းမရှိဘဲနဲ့ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်း ပြီးတဲ့ ဥပဒေများကို ယင်းနဲ့သက်ဆိုင်တဲ့ နည်းဥပဒေများ မြန်မြန်ဆန်ဆန်ထုတ်ပြန်နိုင်မှသာ ပြည်သူ လူထုအနေနဲ့ ယင်းဥပဒေရဲ့အကာအကွယ်များနဲ့ လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများကိုလည်းပဲ ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်သွင်းလိုတာကတော့ ကျွန်တော်ရဲ့ အဆိုဟာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေနဲ့ သက်ဆိုင်တဲ့နည်းဥပဒေကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတက လက်မှတ်

ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် ဥပဒေများအလိုက် လွှတ်တော်ကသတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုအား လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းဆွေရဲ့အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ တင်သွင်းသွားတဲ့ ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းပြီးသည့် ဥပဒေအား ယင်းဥပဒေနှင့်သက်ဆိုင်သည့်နည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်ဖွဲ့စည်းသည့် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ သို့မဟုတ် လွှတ်တော်ကသတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသိန်းဆွေတင်သွင်းတဲ့အဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမ်းမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေတင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးကြမယ့် ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏အစီရင်ခံစာတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ သက်ဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းသာစွာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေလို့ဆုမွန်ပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ ကိုယ်စားတင်သွင်းမှာဖြစ်ပါတယ်။

နိဒါန်း

ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (က)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၇ တို့အရ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ် ၁၅ ဦး ဖြင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ လုပ်ငန်း တာဝန်များကို အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၁) ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ကော်မတီသည် စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး မကျင်းပမီကာလအတွင်း ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတို့မှ ပေးပို့လာသော တိုင်ကြားစာ အမှုတွဲများနှင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံစာ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) ဥပဒေနှင့်အညီ တရားစီရင်ရေး တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်းရရှိခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများရဲ့ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ပေးရမည်။

(င) သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာရှိတဲ့ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိတဲ့ ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြသွားရမည်။

(စ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်၊ ထိန်းညှိ၊ ကူညီပေးရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်တို့ ဖြစ်ပါတယ်။

ဆောင်ရွက်ချက်များအနေနဲ့ အစီရင်ခံတဲ့ကာလအတွင်းမှာ အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ ကော်မတီကို အဖွဲ့ဝင် ၃ ဦးစီပါဝင်တဲ့ အဖွဲ့ငယ် ၄ ဖွဲ့ ခွဲပြီးတော့မှ တိုင်းဒေသကြီး၊ ပြည်နယ်များကို ခွဲဝေသတ်မှတ်တာဝန်ပေးခဲ့ပါတယ်။ ကော်မတီမှာ ဥပဒေဆိုင်ရာဘွဲ့၊ ဒီပလိုမာရရှိသူများလည်း ပါဝင်ပါတယ်။ အချိုးကျပါဝင်တဲ့ အဖွဲ့ငယ် ၃ ဖွဲ့ ထပ်ဖွဲ့ပြီး တော့မှ အနယ်နယ်အရပ်ရပ်က

ရောက်ရှိလာတဲ့ တိုင်စာအမှုတွဲများကို လေ့လာစိစစ် ဆောင်ရွက်ပေးဖို့အတွက်ကို အချိန်ပြည့် ရုံးထိုင်ပြီးမှ ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ပထမအကြိမ် တရားစီရင်ရေးနှင့် ဥပဒေရေးရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ လွှတ်တော်ဝင်းမှာရှိတဲ့ ကော်မတီရုံးခန်းမှာ ကျင်းပတဲ့အခါမှာ အဲဒီအစည်းအဝေးကို ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားသူကြီးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော် အခြားသော ရေးရာကော်မတီများမှ လေ့လာသူ များ တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးမှာ ကော်မတီသို့ တိုင်ကြားပေးပို့လာသော အမှုတွဲများ အနက်ကနေပြီးမှ အချက်အလက်၊ အထောက် အထား ခိုင်လုံတဲ့ အမှုတွဲများကို တရားလွှတ်တော်ချုပ်မှ ပြန်လည်စိစစ် အရေးယူဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့အခါမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးမင်းနဲ့ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။ ကော်မတီသို့ ရောက်ရှိခဲ့တဲ့ တိုင်ကြားစာအမှုတွဲဟောင်းများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖြစ်သော ကြောင့် မြန်ဆန်လွယ်ကူစေဖို့အတွက် ကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များသို့ တိုက်ရိုက်ပေးပို့ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီပေးပို့တဲ့အမှုတွဲများ အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းပဲ မိတ္တူပေးပို့ရန်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှလည်း ကြပ်မတ်စိစစ်သွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြ ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ ဒေသအသီးသီးက ရောက်ရှိလာတဲ့ တိုင်စာအမှုတွဲပေါင်း ၁၃၀၈ စောင်နှင့် လွှဲပြောင်း ပေးဖို့အတွက်ကို ခုနက အထောက်အထား၊ အချက်အလက်ခိုင်လုံတဲ့ အမှုတွဲ ၄၃၂ တွဲကို သက်ဆိုင်ရာ တရားလွှတ်တော် အသီးသီးနှင့်ဌာနအသီးသီးသို့ စနစ်တကျလွှဲပြောင်းပေးပို့ခဲ့ပါတယ်။ ပြည်နယ်၊ တိုင်းတရားလွှတ်တော် အသီးသီးက ပြန်ကြားစာပေါင်း ယနေ့ အထိ ၁၁၅ စောင် လက်ခံရရှိပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ အမှုတွဲများကိုလည်းပဲ အချိန်ကာလနှင့် ပြန်ကြားပေးဖို့ကို ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ပုထုစဉ်တို့ရဲ့သဘာဝအရ အမှုအခင်းဖြစ်ပွား၍ တရားရုံးရောက်တဲ့အချိန်မှာ မိမိဘက်ကမှန်သည်၊ မှားသည်အပထား အနိုင်ရလို့ကြသည်မှာ သဘာဝ ဖြစ်ပါတယ်။ ဘောလုံးပွဲတစ်ပွဲရဲ့ဥပမာနဲ့လည်း တူညီပါတယ်။ ဘောလုံးပွဲတစ်ပွဲကစားပြီးတဲ့အချိန်မှာ

ရှုံးနိမ့်သော အသင်းအများစုက ပြောကြားလေ့ရှိတဲ့ စကားတစ်ခုကတော့ ဒိုင်လူကြီးများ ဘက်လိုက်သောကြောင့်။ ဒီသဘောအတိုင်းပါပဲ ကော်မတီကို ရောက်ရှိလာတဲ့ တိုင်စာအမှုတွဲများမှာ ပါဝင်သလို တရားစီရင်ရေးနယ်ပယ်မှာ ရှိတဲ့ပုဂ္ဂိုလ်များ အဂတိလိုက်စားလို့၊ လာဘ်စားလို့ ပြောဆိုပြီးသားအမှုတွေကို ကော်မတီအနေနဲ့ သေချာစိစစ်ပါတယ်။ အချက်အလက်၊ အထောက်အထားပြည့်စုံမှန်ကန်နိုင်ဖွယ်ရှိသော အမှုတွဲများကိုသာ ဆက်လက်လွှဲပြောင်း ပေးပို့ပါတယ်။ မှန်ကန်နိုင်ဖွယ်မရှိသော အထောက်အထားမပြည့်စုံသော အမှုတွဲများကိုတော့ မှတ်တမ်းအဖြစ်နဲ့ပဲ လက်ခံထားရှိပါတယ်။ ဒီကနေ့ ဩဂုတ်လ ၁၀ ရက်နေ့အထိဆိုရင် တိုင်စာ အမှုတွဲပေါင်း ၁၆၀၀ ခန့် ရောက်ရှိနေပါပြီ။ နောက်ထပ်လည်း အမှုတွဲတွေက ဆက်လက်ရောက်ရှိ နေဦးမှာပါ။ ယခုအပတ်တွင်း ဖွဲ့စည်းဖွင့်လှစ်ခဲ့တဲ့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီသို့လည်း တိုင်စာများရောက်ရှိနေပါပြီ။ သို့သော် တရားလွှတ်တော် အသီးသီးကနေပြီး တော့မှ ပြန်ကြားလာတဲ့ အမှုတွဲ ၁၀၀ ကျော်ကို စိစစ်ကြည့်တဲ့အခါမှာ အများစုသည် ဝတ္တရားကျေ၊ တာဝန်ကျေ စိစစ်ပြန်ကြားမှုမျိုးများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဆက်လက်၍ ကော်မတီရဲ့အခြားဆောင်ရွက်ချက်ကို ဆက်လက်တင်ပြပါမယ်။ ဤကော်မတီ အနေဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေကို ပြင်ဆင်ရန် အဆို၊ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ရန်အဆို၊ The Arbitration and Protocal Convection ဥပဒေနှင့် Arbitration Act တို့ကို ပြင်ဆင်ရန်အဆို၊ ပစ္စည်းလွှဲပြောင်းခြင်း ပြင်ဆင် ရန်အဆို၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေကို ဖျက်သိမ်း၍ ဥပဒေသစ် ပြဋ္ဌာန်းသင့် ကြောင်းအဆိုနှင့် တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်မှုအတွက် ဝိုင်းဝန်းကူညီ ထောက်မပေးရေး အဆိုများကို တင်သွင်းခဲ့တဲ့အခါမှာ ပြည်သူ့လွှတ်တော်မှ တစ်ခဲနက် အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီအဆိုတွေကို ဥပဒေကြမ်းအဖြစ်နဲ့ ဆက်လက်ထွက်ပေါ်လာဖို့အတွက်ကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာလည်းပဲ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်အချို့ကို ပြင်ဆင် ပယ်ဖျက်ပေးပါရန်လည်း တင်သွင်းထားရှိကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ကရက်မှ ပြည်ထဲရေးနှင့် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌဦးဆောင်တဲ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် နံနက်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကို တွေ့ဆုံဂါရဝပြုပြီးတော့မှ တရား

ဥပဒေစိုးမိုးရေးကိစ္စများကို အမြင်ချင်းဖလှယ်ခဲ့ပါတယ်။ အဲဒီနောက် ရေးရာကော်မတီ အစည်းအဝေးခန်းမမှာ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတို့တွေ့ဆုံပြီးတော့မှ တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကိုလည်း အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ ပြည်သူ့ကွန်ကရက် ပြည်ထဲရေးနှင့် တရားစီရင် ရေး ကော်မတီရဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းပဲ အသေးစိတ်ရှင်းလင်းခဲ့တယ်လို့ လေ့လာမှတ်သားခဲ့ရပါတယ်။ အလားတူပဲ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ကရက် ပြည်ထဲရေးနှင့် ဥပဒေရေးရာ ကော်မတီရဲ့ ဖိတ်ကြားချက်အရ ကော်မတီ ဥက္ကဋ္ဌဦးဆောင်တဲ့ ချစ်ကြည်ရေးကိုယ်စားလှယ် ၇ ပါဝင်တဲ့အဖွဲ့ဟာ ၂၀၁၁ ခုနှစ်၊ မေလ ၂၉ ရက်မှ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကျင်းမြို့၊ ရှန်ဟိုင်းမြို့နှင့် ဘူမိမြို့သို့ သွားရောက်ပြီးတော့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ တရားစီရင်ရေးလုပ်ငန်းများကို မြေပြင်သွားရောက်လေ့လာနိုင်ခဲ့ပါတယ်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခြင်း

ကော်မတီအနေဖြင့် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ ကော်မတီနှင့် သတင်းမီဒီယာအဖွဲ့များ ကော်မတီရုံးခန်းမှာ ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံတဲ့အခါမှာ ကော်မတီ၏လုပ်ငန်းများကို အဓိက ရှင်းလင်းပြောကြားခဲ့ပြီးတော့မှ အကြောင်းအရာများသည် အများပြည်သူစိတ်ဝင်စားကြပြီးတော့မှ အဓိပ္ပာယ်ကျယ်ပြန့်သော သဘောသဘာဝရှိသောကြောင့် နားလည်မှုကွဲပြားမှုမရှိစေဖို့အတွက်ကို ရှင်းလင်းပြောကြားမယ့် အချက်များကို ကြိုတင်ရေးသားထားတဲ့အတိုင်း ဖတ်ကြားရှင်းလင်းပြီးမှ မီဒီယာများသို့ ဖြန့်ဝေပေးခဲ့ပါတယ်။ သတင်းမီဒီယာအဖွဲ့များက မေးခွန်းများပြန်လည်မေးမြန်းကြရာမှာ လက်ရှိတရားစီရင်ရေးနယ်ပယ်တွင် အဂတိလိုက်စားမှုများ လွန်စွာများပြားနေကြောင်း တရားစီရင်ရေးမဏ္ဍိုင်သည် တိမ်းစောင်းယိမ်းယိုင်နေကြောင်း ပြည်သူအများစုသည် ဥပဒေအကာအကွယ်မရဟု ထင်မြင်ခံစားနေကြကြောင်း အဲဒီအခြေအနေတွေကို ကော်မတီအနေနဲ့ မည်ကဲ့သို့ကာကွယ်ကုစားနိုင်မည်ကို သိရှိလိုကြောင်း အဓိကထား မေးမြန်းခဲ့ကြပါတယ်။ မေးမြန်းချက်များမှာ ကော်မတီက ဖြေကြားတဲ့အခါမှာ အုပ်ချုပ်ရေးက လွှမ်းမိုးတဲ့ တရားစီရင်ရေးစနစ် အနာဂတ်ကာလမှာ ရှိတော့မည်မဟုတ်ကြောင်း တရားဥပဒေများအရ တရားစီရင်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြတဲ့ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးက အဂတိလိုက်စားနေပါက ထိရောက်စွာ အရေးယူပြန့်တားနိုင်မယ့်ဥပဒေများရေးဆွဲပြီးတော့မှ လွှတ်တော်ကို တင်ပြသွားမည်

ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါတယ်။ မီဒီယာများအနေနဲ့ ဤကော်မတီနှင့် တစ်လ တစ်ကြိမ် အလားတူတွေ့ဆုံရှင်းလင်းမှုပြုလုပ်ရန် တောင်းဆိုခဲ့ကြသော်လည်း အခြေအနေ မပေးခဲ့ပါ။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ မဲဆန္ဒရှင်များရဲ့ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာများအပါအဝင် အထွေထွေသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို ပြည်သူ့လွှတ်တော်သို့ တက်ကြွစွာ တင်ပြဆွေးနွေးလျက် ရှိကြပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များဟာ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်ရာမှာ အသွင်သဏ္ဌာန်ရော၊ အနှစ်သာရ အရပါ လေးနက်တည်ငြိမ်လာနေပါတယ်။ ဒါကိုလည်းပဲ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းများလည်း ရရှိနေပါတယ်။ ဆက်လက်ပြီးတော့မှ သုံးသပ်ချက်နှင့် နိဂုံးတင်ပြပါမယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရအဖွဲ့နှင့် လက်အောက်ဌာနအသီးသီးမှာရှိတဲ့ အမှုထမ်း၊ အရာထမ်းကြီးငယ်များ ပြည်သူတို့နှင့်ဆက်ဆံတဲ့ နေရာမှာ တရားဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဥပဒေက ၎င်းတို့အား ခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့် အာဏာ အကန့်အသတ်ထက် ကျော်လွန်သုံးစွဲမှုမပြုအောင် ထိန်းကျောင်းရတဲ့အလုပ်ကို တရားစီရင်ရေးမဏ္ဍိုင်ဟုခေါ်တဲ့ တရားရုံးများ၊ တရားသူကြီးများက ဆောင်ရွက်ကြရပါတယ်။ ပြည်သူတစ်ဦးတစ်ယောက်အနေနဲ့ မိမိရဲ့အခြေခံရပိုင်ခွင့် ချိုးဖောက်ခံရသည်ရှိသော် သို့မဟုတ် သုံးစွဲခြင်းမပြုနိုင်အောင် တားဆီးခြင်းခံရသည်ရှိသော် မိမိနစ်နာမှုအတွက် တိုင်ကြားတောင်းဆိုခွင့်ရှိပါတယ်။ တိုင်ကြားချက်များအပေါ်မှာ ချိုးဖောက်တားဆီးတဲ့ အာဏာပိုင်များကို တရားရုံးများက ဥပဒေနှင့်အညီ စစ်ဆေးအရေးယူမှုပြုရမှာ ဖြစ်ပါသည်။ ဒါဟာ တရားရုံးများရဲ့ တာဝန်ဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးစသည်တို့အလို့ငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့် မဆန့်ကျင်လို့ရှိရင် မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ဆန္ဒဖော်ထုတ်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်စသည်များရှိစေရမည်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် သတ်မှတ်ထားသည့်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ပါလျက် အဆိုပါ ရပိုင်ခွင့်များကို သုံးစွဲသည့်အခါ ပိတ်ပင်ခြင်း၊ ဟန့်တား

ခြင်း၊ အရေးယူခြင်းခံရသည်ဆိုလျှင် အခြေခံရပိုင်ခွင့်များ ဆုံးရှုံးတဲ့ ၎င်းပုဂ္ဂိုလ်အတွက် တရားရုံးများက ကာကွယ်စောင့်ရှောက်မှု ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်မှုများ ပြုလုပ်ပေးရပါတယ်။

ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ဒီမိုကရေစီနိုင်ငံများမှာ တရားသူကြီးများ ဥပဒေမျက်နှာကို သာကြည့်ကာ ဖြောင့်မတ်မှန်ကန်စွာနှင့် လွတ်လပ်စွာ စီရင်ဆောင်ရွက်နိုင်ရန်အတွက် ၎င်းတို့ရဲ့ ရာထူးသက်တမ်းနှင့် လုပ်ပိုင်ခွင့်အာဏာတို့ကို အခြေခံဥပဒေက အတိအကျပြဋ္ဌာန်းပေးထားကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အသီးသီးမှာ ဦးဆောင်နေကြတဲ့ အဆင့်မြင့်ရာထူးကြီးများကို ပြည်ထောင်စုသမ္မတက အမည်စာရင်းအဆိုပြု တင်ပြပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုခန့်အပ်ခြင်းမျိုး ပြုပေးရပါတယ်။ သို့သော် တရားသူကြီးများ၏ အဂတိလိုက်စားခြင်းအပါအဝင် ဖြောင့်မတ်မှန်ကန်မှုမရှိတဲ့ စီရင်မှု၊ လုပ်ဆောင်မှု များအပေါ် အရေးယူဆောင်ရွက်ရန် လိုအပ်သော အခြေခံဥပဒေမှာ တိကျစွာဖော်ပြထားတဲ့ အချက် အချို့မှအပ အခြားမည်သည့်အကြောင်းနှင့်မျှ အရေးယူဆောင်ရွက်လို မရနိုင်ကြောင်း လေ့လာစိစစ် တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် တရားသူကြီးများကို အကာအကွယ်ပေးနေမှုများ လွန်စွာများပြား နေသောကြောင့် အရေးယူရန် အခွင့်အလမ်းမရှိသလောက်ဖြစ်ကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ သာမန်အားဖြင့် ဝေဖန်သုံးသပ်လို့ရှိရင် ဒီမိုကရေစီနိုင်ငံများမှာ ခက်မသုံးဖြာအချုပ်အခြာအာဏာ သုံးရပ်ရှိပါတယ်။ ပထမအာဏာဖြစ်တဲ့ ဥပဒေပြုရေးတာဝန်ကို ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်များက ဆောင်ရွက် ကြရပါတယ်။ ဒုတိယဖြစ်တဲ့ အုပ်ချုပ်ရေးအာဏာကိုလည်းပဲ ပြည်သူ့ကိုယ်စားလှယ်အများစုကြီး ပါဝင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ရယူစီမံဆောင်ရွက် ကြပါတယ်။ သို့သော် တတိယဖြစ်တဲ့ တရားစီရင်ရေးအာဏာကို စွဲကိုင်ဆောင်ရွက်နေကြသည့် တရားလွှတ်တော်များမှ အဆင့်မြင့်တရား သူကြီးများသည် ပြည်သူ့ကိုယ်စားလှယ်များမဟုတ်ကြောင်း ထူးခြားစွာတွေ့ရှိရပါတယ်။ ယနေ့ မြန်မာနိုင်ငံကို တရားဥပဒေစိုးမိုးမှု အနိမ့်ကျဆုံးနိုင်ငံများစာရင်းမှာ ကမ္ဘာက ထည့်သွင်းထားပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ဟာ အဂတိတရားများ ဖုံးလွှမ်းနေဆဲဖြစ်ကြောင်း ပြည်တွင်းပြည်ပကလည်းပဲ ကျယ်လောင်စွာ ဝေဖန်အော်ဟစ်နေကြပါတယ်။ ယိမ်းယိုင်တိမ်းစောင်းနေတဲ့ တရားစီရင်ရေးမဏ္ဍိုင် ကို လွှတ်တော်သက်တမ်းတစ်ခု သို့မဟုတ် နှစ်ခု သတ်မှတ်ကာလတစ်ခုအတွင်းမှာ ဖြောင့်မတ်ကြံ့ ခိုင်လာ ဖို့ဆိုလို့ရှိရင်တော့ ဆောင်ရွက်နိုင်မည့် နည်းလမ်းများထဲက လက်တွေ့ကျမယ့် နည်းလမ်း သုံးခုကို ကျွန်တော် အကြံပြုတင်ပြလိုပါတယ်။ ပထမနည်းလမ်း တရားလွှတ်တော်အဆင့်ဆင့်မှာ

မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ရှိပါတယ်။ အဲဒီလိုရှိတဲ့ အထဲမှာ မြို့နယ်အဆင့်တရားသူကြီး၊ တရားရေးအရာရှိ တာဝန်ထမ်းဆောင်ပြီးမှ သတ်မှတ်တဲ့ နှစ်ကာလပြည့်မှ ခရိုင်အဆင့်ထမ်းဆောင်ရပါတယ်။ ခရိုင်အဆင့်မှာ သတ်မှတ်တဲ့နှစ်ကာလပြည့်မှ ပြည်နယ်၊ တိုင်းအဆင့်ကို ဆက်လက်ထမ်းဆောင်ရပါတယ်။ ၎င်းအဆင့်မှာလည်း သတ်မှတ်တဲ့ နှစ်ကာလပြည့်မှ ပြည်ထောင်စုအဆင့်သို့ ဆက်လက်ထမ်းဆောင်နိုင်ခွင့်ရှိကြောင်းကိုလည်းပဲ လေ့လာ တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် တရားစီရင်ရေးနယ်ပယ်ရဲ့ ဝင်ပေါက်ပိုက်လိုင်းအတွင်း ရောက်ရှိမှ ဆက်လက်တက်ရောက် နိုင်ခြင်းမျိုးဖြစ်ပြီးတော့မှ အပြင်ပုဂ္ဂိုလ်များ ဝင်ခွင့်လုံးဝမရှိသည့် အနေ အထားမျိုး ဖြစ်တာကိုတွေ့ရပါတယ်။ အမှန်မှာ တရားသူကြီး၊ တရားရေးအရာရှိ လုပ်သက်က အဓိက မဟုတ်ပါ။ ဖြောင့်မတ်မှန်ကန်မှု၊ သမာဓိရှိမှု၊ လူထုအပေါ် မေတ္တာထားရန်သည်သာပဓာနဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တရားလွှတ်တော်အဆင့်များမှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတို့နဲ့ ပြည့်စုံတဲ့ ပြင်ပဥပဒေပညာရှင်များကိုပါ ထည့်သွင်းဖွဲ့စည်းတဲ့ နည်းလမ်းက ပထမနည်းလမ်း ဖြစ်ပါတယ်။ ဒုတိယနည်းလမ်းအနေနဲ့ ဆက်လက်တင်ပြပါ့မယ်။

ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ဆိုရိုးစကားတစ်ခုရှိပါတယ်။ အမျိုးစစ်မှ အမျိုးချစ်တတ် သည်တဲ့။ ပြည်သူ့ကိုယ်စားလှယ်များဟာ ပြည်သူ့အကျိုးစီးပွားဘက်ကနေပြီးတော့မှ ရပ်တည် ကာကွယ်ပေးရပါတယ်။ ပြည်သူမျက်နှာကို ကြည့်နေရပါတယ်။ ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒကို နားဆင် ဖြည့်ဆည်းပေးရပါတယ်။ ဘာကြောင့်ဆိုတော့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်နေသောကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးချစ်တတ်စေရန်၊ ပြည်သူ့အကျိုးစီးပွားဘက်က ရပ်တည်တတ် စေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုတရားလွှတ်တော်အဆင့်တို့ကို ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းပေးသင့်ပါတယ်။ ဒုတိယအကြံပြုချက် ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ တတိယအကြံပြုတင်ပြချက်ကို တင်ပြပါမယ်။ ကိုယ်စားလှယ်တော်ကြီးများ သိရှိတဲ့အတိုင်းပဲ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်းမှာ အရှေ့အုပ်စု၊ အနောက်အုပ်စု၊ မဟာအင်အားကြီး အုပ်စုတစ်စုရှိခဲ့ပါတယ်။ စစ်အေးတိုက်ပွဲကြီး တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီစစ်အေးတိုက်ပွဲကြီးရဲ့ နိဂုံးပိုင်းကာလ ၁၉၉၀ ပြည့်နှစ်ကာလတွေမှာ အရှေ့နှင့်အနောက်နှစ်ပိုင်းခွဲခြားထားတဲ့ ဘာလင် တံတိုင်းကြီးကို ဖြိုချပြီးတော့မှ ဂျာမနီနိုင်ငံဟာ တစ်ခုတည်းသော နိုင်ငံအဖြစ်နဲ့ပေါင်းစည်းခဲ့ပါတယ်။ အဲဒီအခါမှာ ပေါင်းစည်းထားတဲ့ ဂျာမနီနိုင်ငံအတွင်းမှာ ခိုးမှု၊ ဆိုးမှု၊ လုယက်မှု၊ ဓားပြတိုက်မှု၊ လူသတ်မှု အမှုမျိုးစုံဟာ ဒရကြမ်းဖြစ်ပွားပြီးတော့မှ တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေခဲ့တာကို တွေ့ရှိခဲ့ရ

ပါတယ်။ အဲဒီအခါမှာ ဂျာမနီအစိုးရကနေပြီးတော့မှ ပြည်သူ့ဆန္ဒ စစ်တမ်းကောက်ယူခဲ့ ပါတယ်။ ပြည်သူ့ဆန္ဒအရ အရှေ့ဂျာမနီကွန်မြူနစ်စနစ်အောက်မှာ၊ တစ်ပါတီစနစ်အောက်မှာ လေ့ကျင့်ဖွဲ့စည်းထားခဲ့ကြတဲ့ တရားသူကြီးများ၊ တရားရေးနယ်ပယ်က ဝန်ထမ်းများကို ပိုလျှံလုံလောက်သော ထောက်ပံ့ကြေးများနှင့် အငြိမ်းစားလစာပေးပြီးတော့မှ တာဝန်ကရပ်နားစေခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်စဉ်နှင့်အညီ ဖွဲ့စည်းထားတဲ့ တရားသူကြီးများဖြင့် ဂျာမနီတစ်နိုင်ငံလုံးကို ပြန်လည်ပြုပြင်ပြီးမှ ဖွဲ့စည်းပေးတဲ့အခါမှာ တရားစီရင်ရေးစနစ်က တစ်လပြီးတစ်လသိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ အားလုံးသိတဲ့အတိုင်းပါပဲ။ ဒီကနေ့ ဂျာမနီနိုင်ငံဟာ ကမ္ဘာပေါ်မှာ တရားဥပဒေစိုးမိုးမှု အကောင်းဆုံး နိုင်ငံများအနက် ထိပ်တန်းနိုင်ငံတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များခင်ဗျား။ ခက်မသုံးဖြာနိုင်ငံတော်အာဏာရဲ့ မူလပိုင်ရှင်ဟာ နိုင်ငံသားတိုင်းရင်းသား ပြည်သူများသာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ သန်း ၆၀ မျှသော ပြည်သူများအနေနဲ့ ဒီလွှတ်တော်ခန်းမကြီးထဲလာပြီးမှ ထိုင်ပြီးတော့မှ အဲဒီခက်မသုံးဖြာရဲ့ ရေးရာကိစ္စတွေကို စီမံခန့်ခွဲဖို့ မဖြစ်နိုင်ပါဘူး။ အဲဒီလို မဖြစ်နိုင်လို့မို့လို့ သူတို့ကိုယ်စား အာဏာကုန်လွှဲအပ်ပေးလိုက်တဲ့ တစ်နည်းအားဖြင့် ပြည်သူက ဆန္ဒမဲပေးရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များကို တာဝန်ပေးပြီးတော့မှ လွှတ်တော်နှစ်ရပ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှစ်ရပ်ပေါင်း ပြည်ထောင်စုလွှတ်တော်ကြီးကို ဖွဲ့စည်းပေးထားခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတစ်ရပ်လုံးရဲ့ကိုယ်စား အာဏာသုံးရပ်ကို စွဲကိုင်ပြီးတော့မှ ပြည်သူ့အကျိုးကို ပြန်လည်သယ်ပိုးခြင်းဟာ ကျွန်းနှင့်ကိုင်း၊ ရေနှင့်ငါးပမာ အပြန်အလှန် အကျိုးပြုနေပါတယ်။ ထို့အတူ ပြည်သူလူထုက ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများကိုလည်းပဲ ရွေးချယ်တင်မြှောက်တာဝန်ပေးခဲ့တာရှိပါတယ်။ အဲ့ဒီလို တာဝန်ပေးခဲ့သလိုပဲ တာဝန်မကျေတဲ့ ဂုဏ်အင်္ဂါအရည်အချင်းပျက်ယွင်းတဲ့ ခုနကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများကိုလည်းပဲ တာဝန်ကနေ လွယ်ကူစွာ ရုပ်သိမ်းနုတ်ပိုင်နိုင်ခွင့် ပြည်သူထံမှာ ရှိသင့်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်များထံမှာရှိသင့်ပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ အခြေခံဥပဒေဆိုတာ အချိန်ကာလတစ်ခုအတွင်းသာ မှန်ကန်နိုင်တဲ့ သမုတိသစ္စာတရားဖြစ်ပါတယ်။ ထာဝရမှန်ကန်နေမယ့် ပရမတ္ထသစ္စာတရား မဟုတ်ပါဘူး။ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် အထောက်အကူမပြုတော့သော၊ အကျိုးမပြုတော့သော ဥပဒေပုဒ်မများ၊ ဒီမိုကရေစီကျင့်စဉ်နှင့် အံဝင်ဆီလျော်မှု မရှိသော ဥပဒေပုဒ်မများကို ကိုယ်စားလှယ်များက ပြုပြင်ရေးဆွဲပြီးတော့မှ တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်လာအောင်

ဆောင်ရွက်ပေးသင့်ပါကြောင်း အလေးအနက်တင်ပြရင်းနိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် အစည်းအဝေး (၂၆) ရက်မြောက်နေ့မှာ ဆွေးနွေးအတည်ပြုမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များ ရှိပါက ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် ၁၃း၀၀ နာရီအချိန်အရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း ကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေး တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်း၍အတည်ပြုပြီးသော နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်က ၇-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာ နိုင်ရန် ဖြန့်ဝေထားကြောင်းအသိပေးတင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်သူ့အကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်း၍အတည်ပြုပြီးသော ပြည်သူ့အကျိုးပြု ဝန်ဆောင်မှု လုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော် ၈-၈-၂၀၁၂

ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ ‌ဝေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်းအသိပေးတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင်စတင် တင်သွင်း၍ အတည်ပြုပြီးသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းကို လွှတ်တော်က ၃-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ ဝေ့လာနိုင်ရန် ဖြန့်ဝေ ထားကြောင်းအသိပေးတင်ပြအပ်ပါတယ်။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၄) ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်နိုင်ပါ ပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၁၃း၁၀ နာရီတွင်ရပ်နားပါသည်။ **]**